# ကြေးမုံ

*The* **Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ညီညွတ်ခြင်းသည်ချမ်းသာ

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၂ ရက် သောကြာနေ့။ Friday, 30 December 2016 (၈၇၉၁)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကိုယ် မပျိုးခဲ့၊ ဘာမှဝိုင်းဝန်းမကူညီခဲ့ဘဲ ပျိုးပင်၏အသီးအပွင့်ကို ခံစားမည်ဆိုပါက အင်မတန် ဂုဏ်သိက္ခာမဲ့သောကိစ္စဟု မိမိပြောလိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမောင်မယ်များစွာက ညီညီညွတ်ညွတ် ခိုင်ခိုင်မာမာ တည်ဆောက်ထားသော ပြည်ထောင်စုကြီး၏ အကျိုးကျေးဇူးအသီးအပွင့်များကိုခံစားလိုပါက ကိုယ်ကျရာနေရာမှ ပါဝင်ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ပြောကြားသည်။

ကရင်နှစ် ၂၇၅၆ ခုနှစ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မည်သည့်အလုပ်ကို လုပ်ဆောင်သည်ဖြစ်စေ ရှေ့အနာဂတ်ကို ကြည့်ရမည်ဖြစ်ကြောင်း၊ အနာဂတ်ဆိုသည်မှာ


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ





**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❒


**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)




ကြေးမုံ

# ပျော်ရွှင်သတိတရနိုးကြားထကြွ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ လာမည့်ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်း ၆၉ နှစ်ရှိပြီဖြစ်၍ အသက် (၇၀) နှစ်အထက်ရှိသူများသာ သိမီလိုက်ကြမည်ဖြစ်ပြီး မျက်မှောက်ခေတ်ပြည်သူအများမှာ စာတွေ့အရလည်းကောင်း၊ အခမ်းအနားအရလည်းကောင်းသိရှိကြရသည်။

လက်ရှိတွင် လွတ်လပ်ရေး၏ အသီးအပွင့်ကို ခံစားနေကြရသူများသာဖြစ်ပြီး ထိုအသီးအပွင့်ခံစားနိုင်အောင် လွတ်လပ်ရေးကို မည်သို့ခက်ခက်ခဲခဲရယူခဲ့ကြသည်၊ မည်သို့ရင်းနှီးပေးဆပ်ခဲ့ကြရသည်တို့ကို လက်တွေ့ကျကျသိမြင်သူများနည်းပါးသွားခဲ့ရပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် လွတ်လပ်ရေးအရယူကြမှုများနှင့် အရယူပေးခဲ့ကြသူများကို အလေးအနက်တန်ဖိုးထားပြီး နှောင်းလူတို့မမေ့မပျောက် သိရှိနိုင်ရန်အလို့ငှာ လွတ်လပ်ရေးနေ့ကျရောက်သည့် အချိန်ကာလတိုင်း လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ကြပုံများ ပြန်လည်ထုတ်ဖော်ပြသကြသည်။

နိုင်ငံတစ်နိုင်ငံအတွက် အဖိုးအနဂ္ဃထိုက်တန်ပြီး သမိုင်းတန်ဖိုးကြီးမားသော နေ့ထူးနေ့မြတ်များကို အများပြည်သူ အလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ကာ အခမ်းအနားများ ကျင်းပပေးခြင်းသည် အနာဂတ်မျိုးဆက်သစ်များအား သမိုင်းအမွေကို ဆက်ခံနိုင်ရန်အတွက် ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။ သမိုင်းအမွေကို သိရှိမှတ်သားပြီး အနာဂတ်ကိုတည်ဆောက်ရန်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံအတွက်ထွန်းပြောင်ခဲ့သည့် သမိုင်းစာမျက်နှာများကို သိရှိသူနည်းပါးသွားပြီဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် သမိုင်းကိုလေ့လာရန် အားနည်းသွားပြီး မကြာသေးသောကာလက သမိုင်းဘာသာရပ်ကို လေ့လာသင်ကြားသူ နည်းပါးသွားပြီဟု သိရှိရသည်။

မြန်မာ့သမိုင်းရာဇဝင်ကို အများပြည်သူတို့ သိရှိရန်လိုအပ်သကဲ့သို့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့စသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်များကို မြန်မာနိုင်ငံသားများ အသေးစိတ်သိရှိထားရန် လိုအပ်သည်။ မမေ့ပျောက်ကောင်းသောနေ့ထူးနေ့မြတ်များကို အစဉ်အဆက်ဖော်ထုတ်ပြသသွားရန် တာဝန်မှာ ပညာရေးနှင့် စာပေပညာရှင်တို့၏ တာဝန်ပင်ဖြစ်သည်။

သမိုင်းဟူသည် ရှေးဘိုးဘေးဘီဘင်တို့၏ နိုင်ငံနှင့်လူမျိုးအတွက် ပြောင်မြောက်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းများဖြစ်သည်။ သမိုင်းမှပေးသောအမွေသည် မျိုးဆက်သစ်များအတွက် အမျိုးသားရေးစိတ်ဓာတ်မပျောက်ပျက်အောင်၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးအောင် စွမ်းဆောင်ပေးနိုင်ပေသည်။

သမိုင်းဝင်ထင်ရှားသည့် နေ့ကြီးရက်ကြီးအခါကြီးများတွင် အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ပေးထားခြင်းသည် ထိုနေ့ထိုရက်တွင် အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်အတွက်ဟုသာ လွဲမှားမှတ်ယူနေပြီး အမှန်မှာ ထိုနေ့ထိုရက်တွင် ပြောင်မြောက်သောသမိုင်းမှတ်တိုင်များကို သိရှိလေ့လာ မှတ်သားနိုင်ရန်ဖြစ်သည်။

လွတ်လပ်ရေးနေ့အခါသမယတွင်မူ တစ်ချိန်သောကာလက အာဝါဒေးဟုဆိုကာ လူငယ်လူရွယ်ဘာဝ လွတ်လပ်ကြ၊ ပျော်ရွှင်ကြ၊ ဝမ်းမြောက်ကြသည်မှာ လွတ်လပ်ရေး၏အနှစ်သာရနှင့် ထိုက်တန်ပေသည်။ လွတ်လပ်ရေးပွဲလမ်းသဘင်မှာ ပျော်ရွှင်ဝမ်းမြောက်ဖွယ်ကောင်းသလို လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း မမေ့မပျောက် တန်ဖိုးထားကြရမည်ဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဟူသည့်စိတ်ဓာတ်များ အတူယှဉ်တွဲပါဝင်လာကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို မြို့တိုင်း နယ်တိုင်းတွင် နှစ်စဉ်ကျင်းပပေးလျက်ရှိသော်လည်း ယခင်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကာလကလောက် ပျော်ရွှင်ဖွယ်၊ အောက်မေ့ဖွယ်၊ တက်ကြွဖွယ် အနှစ်သာရများ နည်းနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ယခုကျရောက်မည့် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာတစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ပျော်ရွှင်သတိတရ ပြန်လည်နိုးကြားထကြွရန် အားထုတ်ကြိုးပမ်းကြဖို့ တိုက်တွန်းပါသည်။ ။




## စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မဒေါက် ဒီဇင်ဘာ ၂၉**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ စံပြမိခင်နှင့် ကလေးပြိုင်ပွဲဆုပေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက မဒေါက်မြို့တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

ပြိုင်ပွဲကို မဒေါက်တိုက်နယ်ဆေးရုံ၌ စံပြမိခင်၊ မွေးစမှ ခြောက်လအထိ ခြောက်လမှ တစ်နှစ်အထိနှင့် တစ်နှစ်မှ တစ်နှစ်ခွဲအထိ ပြိုင်ပွဲအမျိုးအစား လေးမျိုးဖြင့် ကျင်းပခဲ့ရာ မဒေါက်မြို့ပေါ်ရှိ ကလေးမိခင်များ လာရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု နည်းပညာဖလှယ်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီး မစ္စတာဆာဟဲလ်မူစတာဖာအာမက်မှ ယမန်နေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ဘရာဇီးနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယိုဟိုဆေးမာရီယာဒီဆိုဇာအီဆစ်လ်ဗာမှ မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ သီးခြားစီလာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များ၊ ဆော်ဒီအာရေဗျနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဘရာဇီးနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု နည်းပညာများဖလှယ်ရေး၊ အရပ်ဘက်သုံး လေယာဉ်များအတွက် စက်အပိုပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဇီဝလောင်စာအသုံးပြု၍ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



**(သတင်းစဉ်)**

## စုံညီခုံရုံးက အယူခံမှုအမှတ် (၂၇) အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးစည်သူလွင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ဦးသက်ထွန်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃၅/၂၀၁၅) ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ ချမှတ်ခဲ့သည့် စီရင်ချက် (အမိန့်)အား ဦးသက်ထွန်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှုအမှတ်(၂၇/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့်စုံညီခုံရုံးမှ မူလရွေးကောက်ပွဲခုံအဖွဲ့(၃)၏ ၂၁-၁၀-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို ဆက်လက်အတည်ပြုပြီး အယူခံလျှောက်ထားသူ၏ အယူခံကန့်ကွက်လွှာအား စရိတ်နှင့်တကွ ပယ်ကြောင်းနှင့် ကန့်ကွက်လွှာအယူခံမှုအတွက် တရားစရိတ်ငွေကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## ပြည်တွင်းရေးရာ



ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သဘာပတိအဖြစ် ဆောင်ရွက်စဉ်။

**✻ ရှေ့ဖုံးမှ**

တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်ကို မဆိုလိုကြောင်း၊ နိုင်ငံရေးပညာရှင်တစ်ဦး ပြောကြားခဲ့သကဲ့သို့ နိုင်ငံရေးလုပ်စားသူများအနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲတစ်ခေါက်အတွက် မစဉ်းစားဘဲ နိုင်ငံ၏ နောင်မျိုးဆက်သစ်များအတွက် စဉ်းစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် နောင်မျိုးဆက်သစ်များအတွက် စဉ်းစားပြီး ကရင်အမျိုးသားများ၏ နှစ်သက်ဖွယ်ကောင်းသော နှစ်သစ်ကူးမှပေးသည့် သင်ခန်းစာများကို ဆင်ခြင်နှလုံးသွင်းပြီး အတူတကွလက်တွဲ၍ ပြည်ထောင်စုကြီး ခိုင်မာသာယာဝပြောအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား၌ သဘာပတိအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆောင်ရွက်ပြီး ကရင်နှစ်သစ်ကူး မိန့်ခွန်းပြောကြားရာတွင် ကရင်အမျိုးသားများ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ပူးပေါင်းညှိနှိုင်း အဖြေရှာ ဆောင်ရွက်ရာမှ ကရင်နှစ်သစ်ကူးနေ့ကို သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းကို နမူနာယူပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများက ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် ပူးပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်ပါက နိုင်ငံသူ၊ နိုင်ငံသားများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို ရရှိမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ခမ်းနားစွာကျင်းပနိုင်ခဲ့သည့် ညီညွတ်ချစ်ခင်စွာ ဆောင်ရွက်မှုများကို မေ့ပျောက်မသွားဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်ချစ်ခင်စွာဖြင့် အစဉ်တစိုက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် နှစ်ဟောင်းမှ မကောင်းသည်များကို ပယ်ရှားသင်ခန်းစာယူ၍ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်နှင့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကရင်နှစ်သစ်ကူးနေ့သည် ကောက်သစ်စားသည့်နေ့လည်း ဖြစ်ပါကြောင်း၊ မိမိတို့ပျိုးထောင်ခဲ့သော ပျိုးပင်များမှ အသီးအပွင့်များ၏ အကျိုးကျေးဇူးကို ခံစားရသည့်နေ့ဟုလည်း ဆိုနိုင်ပါကြောင်း၊ မိမိတို့ဗုဒ္ဓဘာသာ အယူအဆတွင် ကံ၊ ကံ၏ အကျိုးဟု ပြောရမည်ဖြစ်ပါကြောင်း၊ အလားတူ ခရစ်ယာန်သမ္မာကျမ်းစာတွင်လည်း ကြဲသည့်မျိုးစေ့အတိုင်း ပျိုးပင်ကို ပြန်ရမည်ဟု ပြောထားခြင်းရှိပါကြောင်း၊ ၎င်းတို့သည် မိမိတို့နိုင်ငံနှင့် ပြည်ထောင်စုအတွက် အလေးအနက်ထားရမည့် သင်ခန်းစာတစ်ခုဖြစ်ပါကြောင်း။

ကောင်းတာလုပ်ပါက ကောင်းကျိုးခံစားရမည်ဖြစ်၍ ပြည်ထောင်စုကောင်းကျိုးအတွက် အားလုံးက ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်သည်ကိုလည်း မိမိတို့ နှလုံးသား၌ သိရှိရန် လိုအပ်ပါကြောင်း၊ နှစ်သစ်တွင် မိမိတို့၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်၊ သစ်ဆန်းအောင် လုပ်ဆောင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်ပါကြောင်း၊ ယခင်က မကောင်းသည်များဖြစ်ခဲ့ပါကလည်း နောင်ဆက်မဖြစ်ရန်နှင့် ကောင်းခဲ့သည်များကို ပိုမိုခိုင်မာအားကောင်းရန်အတွက် နောက်တစ်ဖန် လုပ်ပိုင်ခွင့်ရရှိသည့် အချိန်ဟုလည်း ပြော၍ရပါကြောင်း၊ လုပ်ပိုင်ခွင့်ဆိုသည်မှာ ကိုယ်တိုင်အသုံးချတတ်မှလည်း အကျိုးအမြတ် ရရှိမည်ဖြစ်ပါကြောင်း၊ အချို့ယဉ်ကျေးမှုများတွင် နှစ်ဆန်း၌ မည်သည်ကို လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်ကို သန္နိဋ္ဌာန်ချတတ်ကြသည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် အဆိုပါသန္နိဋ္ဌာန်များသည် တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်၊ တစ်လအတွင်း သန္နိဋ္ဌာန် မမြဲကြသည်ကိုလည်း မိမိတွေ့မြင်ခဲ့ရပါကြောင်း ပြောကြားသည်။

နှစ်တစ်နှစ်စ၍ မိမိတို့ ချခဲ့သော ကောင်းမွန်သည့် သန္နိဋ္ဌာန်များကို ခိုင်မြဲအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစိုက်မတ်မတ် တစ်ဆင့်ပြီး တစ်ဆင့် လုပ်သင့်လုပ်ထိုက်သည်များကို အားကြိုးမာန်တက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြီးတစ်ခု ထူထောင်ပါက ပထမဦးဆုံး မျိုးစေ့များကို ကြဲရမည်ဖြစ်ပြီး အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ရမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် ပျိုးပင်စိုက်ခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင် ပါဝင်ဆောင်ရွက်မှုမရှိဘဲ အကျိုးကျေးဇူးခံစားချိန်၌သာ ပါဝင်မည်ဆိုပါက ယင်းသည် ပြည်ထောင်စုစိတ်ဓာတ်မဟုတ်သည်ကို မိမိပြောကြားလိုပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပထမဦးဆုံး ကြဲသည့်နေရာတွင်လည်း ပါဝင်ရမည်ဖြစ်ပြီး ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်းခြင်းတို့တွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါမှ ၎င်း၏ အကျိုးကျေးဇူးကို ဝိညာဉ်လိပ်ပြာ သန့်သန့်ရှင်းရှင်းဖြင့် ခံစားနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပေါင်းမြောက်မြားစွာရှိ၍ ကိုယ်ပိုင်နှစ်သစ်ကူးနေ့များလည်း ရှိကြပါကြောင်း၊ အဆိုပါ နှစ်သစ်ကူးများတွင် တူညီသောကိစ္စသည် နှစ်သစ်ကူး၌ လူအများ၏ မျှော်လင့်ချက်များ ပြန်လည်လန်းဆန်းလာကြပါကြောင်း၊ ပြီးခဲ့သောနှစ်တွင် မဖြစ်ခဲ့သည်များကို ယခုနှစ်တွင် ဖြစ်မြောက်အောင် လုပ်ဆောင်မည်ဆိုသည့် မျှော်လင့်ချက်သည် လူသားတိုင်း၏ သဘာဝဖြစ်ပါကြောင်း၊ မျှော်လင့်ချက်ကို အလုပ်နှင့် မပံ့ပိုးပါက အသီးအပွင့် မဖြစ်လာနိုင်ပါကြောင်း၊ မျှော်လင့်ချက်များ အမှန်တကယ် ထိရောက်အောင် အကောင်အထည်ဖော်နိုင်ရန်လည်း မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ပါကြောင်း။

ယခု ကရင်တိုင်းရင်းသားများ၏ နှစ်သစ်ကူးနေ့တွင် အားလုံးဝိုင်းဝန်းပြီး အတူတကွ ဆင်နွှဲခြင်းသည် ပြည်ထောင်စုအတွက် ကောင်းသော လက္ခဏာ နိမိတ်ဟု မိမိပြောလိုပါကြောင်း၊ သို့ရာတွင် နိမိတ်ကိုပဲ အားကိုးနေ၍ မရပါကြောင်း၊ ကိုယ်လုပ်မှ ကိုယ်ခံစားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းဝန်းပြီး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုကြီး သာယာဝပြောရေးတို့အတွက် လုပ်မည်ဆိုပါက နှစ်သစ်ကူး အချိန်ကာလသာမက နေ့ရက်တိုင်းသည် နေ့သစ်များဖြစ်ပြီး မိမိတို့အတွက် ကျေနပ်ပျော်ရွှင်ဖွယ် ကောင်းသော နေ့ရက်များ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ နောင်လာနောက်သားများအနေဖြင့်လည်း ယခု မိမိတို့စိုက်ပျိုးခဲ့သော ငြိမ်းချမ်းရေး မျိုးစေ့များ၏ အသီးအပွင့်များကို ခေတ်အဆက်ဆက် ခံစား၊ စံစား နိုင်မည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်)၏ သဝဏ်လွှာကို ကရင်တိုင်းရင်းသား စောမာဗယ်လ်က ဖတ်ကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကရင်တိုင်းရင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးစာတမ်းကို မြန်မာဘာသာဖြင့် စောသိန်းလားယစ်၊ အရှေ့ပိုးကရင် ဘာသာဖြင့် နန်းလှဒေဝီ၊ စကောကရင် ဘာသာဖြင့် နော်သဝေး၊ အနောက်ပိုးကရင် ဘာသာဖြင့် စဖြိုးဝေကျော်တို့က ဖတ်ကြားကြသည်။

ထို့နောက် သဘာပတိ မန်းဝင်းခိုင်သန်းအား ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီ(နေပြည်တော်)၊ ကရင်နှစ်သစ်ကူးနေ့ကျင်းပရေးဗဟိုကော်မတီ(မဟာရန်ကုန်)၊ ကရင်တတ်သိပညာရှင်အသင်းနှင့် ကရင်လူမှုရေးအဖွဲ့အစည်း အသီးသီးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့အတွက် ဂုဏ်ပြုလက်ဆောင်များကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ယင်းနောက် ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဖိဘူးယော ဖိတ်ခေါ်ခြင်းအက အပါအဝင် ရိုးရာတူရိယာများ၊ တေးသီချင်းများ၊ ဒုံးအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့နံနက်ပိုင်းတွင် ကရင်အမျိုးသားအထိမ်းအမှတ် အလံလွှင့်ထူခြင်း အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ လွှင့်ထူပေးခဲ့သည်။

**(သတင်းစဉ်)**

---

**○ ဘားအံမှ**

ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ (KNU) ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုးနှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး သဘာပတိ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ မိန့်ခွန်းပြောကြားသည်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို လည်းကောင်း၊ KNU ဗဟိုမှ ပေးပို့သော သဝဏ်လွှာအား KNUဗဟိုကော်မတီဝင် ဗဒိုရော်ဂျာခင်က လည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းအား မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာများဖြင့် သူနာပြုသင်တန်းသူများက အသီးသီးဖတ်ကြားပြီး ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံအထင်ကရ သက်ကြီး ကရင်အဘိုး/အဘွားများအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို စည်းလုံးခြင်းသည်အင်းအားဟု အဓိပ္ပာယ်ရသော (အောဟုအောဟောင်)သီချင်းဖြင့် စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ကရင်နှစ်သစ်ကူးနေ့ ဖိဘူးယောကောက်သစ်စားပွဲကို ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း လယ်ယာများမှ သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် စောင့်ရှောက်ပေးသည့် ဖိဘူးယော(ခေါ်) စပါးစောင့်နတ်သမီး ပူဇော်ပွဲကို တပျော်တပါးဆင်နွှဲကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ကရင်မောင်မယ်များက ချိုးငှက်များလွှတ်ပြီး ဖိဘူးယောဆုတောင်းသီချင်းဖြင့် နှစ်သစ်ကူးကောက်သစ်စားပွဲကို ဖွင့်လှစ်သည်။ ဖိဘူးယော (ခေါ်) ဖုန်းမကျဉ် စပါးစောင့်နတ်သမီးအား ပင့်ဖိတ်ရာတွင် လယ်ယာများတွင်ရှိသည့် ကောက်နှံစပါးများကို စောင့်ရှောက်ပေးသည့် တာဝန်ထမ်းဆောင်ပြီးလို့ ပြန်သွားပြီဖြစ်တဲ့ ဖိဘူးယော၊ နောက်နှစ်အတွက် လယ်ယာများကို စောင့်ရှောက်ဖို့ အချိန်တန်ရင် ပြန်လာပါဟု အဓိပ္ပာယ်ရသော ကရင်ဘာသာဖြင့် သီဆိုပင့်ဖိတ်ပြီးနောက် သက်ကြီးအဘိုးအဘွားတို့က စပါးစောင့်နတ်သမီးအား ပူဇော်ပသ ရွတ်ဖတ်ဆုတောင်းရာတွင် "နှစ်သစ်ကူးအခါသမယမှာ စပါးစောင့်နတ်သမီး ဖိဘူးယောနှင့်အတူ သားသမီး၊ မြေးမြစ်များ လာရောက်စုရုံးပြီး ကောက်သစ် ဆန်ထမင်း၊ ကောက်ညှင်း၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်စသည့်သီးနှံများ၊ မြောက်ခေါင်းပိန်ဥ မျှစ်ချဉ်ခရုဟင်းလျာနှင့် ခေါင်ရည်တို့ကို အတူတကွ သုံးဆောင်ကြပါ။ အနယ်နယ်အရပ်ရပ်မှ စိုက်ပျိုးဖြစ်ထွန်းသော စပါးမျိုးစုံတို့၏ လိပ်ပြာများကို ဖိတ်ခေါ်ပါသည်။ ဤအခမ်းအနားကျင်းပနေရာသို့ ကြွရောက်၍ ကျွန်ုပ်တို့၏ ပူဇော်ပသမှုကို ခံယူကြပါ"ဟု ရွတ်ဆိုကြသည်။



ထို့နောက် ဖိဘူးယောကောက်သစ်စားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ ကရင်တိုင်းရင်းသားများက စပါးစောင့်နတ်သမီးပူဇော်ပွဲအပြီးတွင် ကောက်ညှင်း၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်စသည့် သီးနှံများ၊ မြောက်ခေါင်း၊ ပိန်းဥ၊ မျှစ်ချဉ်၊ ခရုတာလပေါနှင့် ခေါင်ရည်များအား တပျော်တပါး စုပေါင်းကောက်သစ်စားသောက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကျင်းပ

# ကရင်စာပေနှင့် ယဉ်ကျေးမှုကို အစွန့်ရှည်တည်တံ့စေပြီး ကရင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှုကိုဖော်ဆောင်သည့် ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်သည် တောင်ပေါ်မြေပြန့် ကရင်တိုင်းရင်းသားအားလုံးတို့၏ နှစ်သစ်ကူးမင်္ဂလာရက်ဖြစ်သည်။ ကရင်သက္ကရာဇ်အားဖြင့် ၂၇၅၅ ခုနှစ်မှ ၂၇၅၆ ခုနှစ်သို့ ကူးပြောင်းသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဖြစ်သည်။

ယင်းနေ့တွင် ကရင်အမျိုးသားအလံတော် လွှင့်တင်ခြင်းနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကရင်အမျိုးသားအလံတော်ကို အလေးပြုခြင်းများ၊ နှစ်သစ်ကူးနေ့ဟောပြောပွဲ၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ၊ ကရင်ရိုးရာ ဒုံးယိမ်းအကပြိုင်ပွဲများ၊ ဝါးထောက်၊ ဝါးညှပ်အကများ၊ ကရင်ရိုးရာတေးသီချင်းများဖြင့် သီဆိုခြင်းများကို မဟာဆေးဝင်ဘာ အာလိန်ငါးဆင့်ကျောင်းဝင်းတွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီမှ စတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်

ပွဲတော်ကျင်းပရခြင်းမှာ ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးကို ရှေးရှုရန်၊ နှစ်သစ်ကူးနေ့သည် ကရင်တစ်မျိုးသားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် ပုဂ္ဂိုလ်ရေးအရ အမြတ်ထုတ်ခြင်း၊ လူတန်းစားအရ အမြတ်ထုတ်ခြင်း၊ ဘာသာရေးအရ အမြတ်ထုတ်ခြင်း၊ နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း၊ စီးပွားရေးအရ အမြတ်ထုတ်ခြင်း အလျဉ်းမပြုဘဲ ကရင်အမျိုးသားအသိစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီရန်၊ မဟာရန်ကုန်နယ်နိမိတ်အတွင်း စုစည်းညီညွတ်သည့်တစ်ခုတည်းသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပရန်၊ ကရင်ဘဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရန်၊ အနာဂတ် ကရင်အဆက်အနွယ် လူငယ်များ၊ မိမိတို့၏ ကရင်ဘဝဓလေ့နှင့်ကိုက်ညီသော စစ်မှန်သည့် ကရင်ယဉ်ကျေးမှုများကိုမြတ်နိုးပြီး ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လိုသော အသိစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သစ်ကူးပွဲမှာ ဝမ်းသာတာလည်းပါသလို မျှော်လင့်တာလည်းပါတယ်။ ကရင်တစ်မျိုးသားလုံးအခုလို နှစ်သစ်ကူးပွဲတွေ ကျင်းပနိုင်တာ ဝမ်းသာပါတယ်။။ ဘာကိုမျှော်လင့်လည်းဆိုတော့ ကျွန်တော်တို့ နှစ်သစ်ကူးက စည်းလုံးညီညွတ်ခြင်းကို အခြေခံပါတယ်။ ဒီနှစ်ကူးက စည်းခြားထားခြင်းမရှိဘူး။ ဒီနှစ်ကူးမှာ ဘာဘာသာပဲကိုးကွယ်ကိုးကွယ်၊ ဘယ်အဖွဲ့အစည်းကပဲဖြစ်ဖြစ်၊ ဘယ်ဒေသကပဲလာလာ နှစ်သစ်ကူးကို အတူတကွ လက်တွဲပါဝင် ဆင်နွှဲနိုင်တဲ့အတွက် ညီညွတ်ခြင်းကို ဖော်ဆောင်တဲ့ပွဲလို့လည်းပြောလို့ရပါတယ်။ အဲဒီအတွက် ကရင်တစ်မျိုးသားလုံး ညီညွတ်ရေးကိုမျှော်လင့်ပါတယ်"ဟု ဗဟိုကော်မတီအဖွဲ့ဝင် ကိုစောထီးမူးက ပြောသည်။

ရှေးယခင်က ကရင်တိုင်းရင်းသားများသည် ဆောင်းကာလကောက်ပဲသီးနှံများပေါ်စအချိန်တွင် မိသားစုများနှင့်အတူတကွ ကောက်သစ်စားပွဲတော်များ ကျင်းပရာမှ ကရင်နှစ်သစ်ကူး ကောက်သစ်စားပွဲတော်အဖြစ် မြတ်နိုးဖွယ်ရာ ကရင်ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁ ရက် (ပြာသိုလဆန်း ၁ ရက်)တွင် အစိုးရအသိအမှတ်ပြု တရားဝင်နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခံခဲ့ရသည်။

"ကရင်အမျိုးသမီးတစ်ယောက်အနေနဲ့ ကရင်ရိုးရာဝတ်စုံနဲ့ ဒီလိုနှစ်သစ်ကူးပွဲလေးကို ဆင်နွှဲရတဲ့အတွက် အလွန်လည်း ပျော်မိပါတယ်။ ဂုဏ်လည်းယူပါတယ်။ ဘိုးဘွားအစဉ်အလာကတည်းက ထိန်းသိမ်းလာခဲ့တဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေကို ဆက်လက်ထိန်းသိမ်းသင့်တယ်။ ယဉ်ကျေးမှုမပျောက်သွားရအောင်လို့ ဒီနှစ်သစ်ကူးပွဲက ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းပေးတဲ့ပွဲလို့လည်း မြင်ပါတယ်"ဟု ဖျော်ဖြေရေးအဖွဲ့ဝင် မငြိမ်းထက်ထက်ဦးက ပြောသည်။ ကရင်နှစ်သစ်ကူးပွဲတော်ကို အာလိန်ငါးဆင့်ကျောင်းဝင်းအတွင်းတွင် ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကာ ကျင်းပခြင်းဖြစ်ပြီး ယနေ့သည် ပွဲတော်၏ ဒုတိယမြောက်နေ့ဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**





# ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော် သထုံတွင် စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၉**

ကရင်သက္ကရာဇ် ၂၇၅၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင်ကျရောက်သည့် ကရင်တိုင်းရင်းသားတို့၏ (၇၉)နှစ်မြောက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့နယ် စခန်းကြီးကျေးရွာအုပ်စု ဖားပိုင်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်လူမျိုးတို့၏သမိုင်း၊ စာပေယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့ကို မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောစံတင်က ပြောသည်။

"အရင်က မငြိမ်းချမ်းတဲ့ကာလမှာ ဒီနေရာတွေက ဒီလိုပွဲမျိုးလုပ်ဖို့အတော်ခက်တယ်။ ခုလို စည်စည်ကားကား လုပ်နိုင်တာက ငြိမ်းချမ်းရေးရဲ့အရသာပေါ့။ ခုဆို တိုင်းရင်းသားဒေသတွေမှာ စစ်ပွဲတွေ ဖြစ်နေတယ်။ ဒါတွေကို ရပ်တန့်စေချင်တယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေအားလုံး ငြိမ်းချမ်းရေးအရသာကို တန်းတူခံစားစေချင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါနေ့ နံနက် ၅ နာရီတွင် ကရင်တိုင်းရင်းသားအလံတော်လွှင့်တင်ပွဲကို ကျင်းပခဲ့ပြီး နံနက် ၇ နာရီမှ စတင်ကာ နှစ်သစ်ကူး မင်္ဂလာအခမ်းအနားကိုကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားပေးကြကာ ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာခဲ့ပုံကို ဒေသခံတိုင်းရင်းသားတို့က ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် အသက် (၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြကာ သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကိုယ်စားပြု ယိမ်းအဖွဲ့များက ရိုးရာဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား ၈၀၀၀၀ ခန့် နေထိုင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုအနက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကရင်တိုင်းရင်းသားအများစု နေထိုင်သည့် ကျေးရွာ ၃၇ ရွာတွင် ဒုံးယိမ်းပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများ၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ ကရင်စာပေယဉ်ကျေးမှုပြခန်းများ စသည်တို့ဖြင့် စည်ကားစွာနှစ်စဉ်အလှည့်ကျ ပြုလုပ်ကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# ညောင်တုန်းမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ခမ်းနားစွာကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၂၉**

ကရင်သက္ကရာဇ် ၂၇၅၆ ခုနှစ် ညောင်တုန်းမြို့နယ်ကိုယ်စားပြု ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ညောင်တုန်းမြို့ အမှတ် (၁၀) ရပ်ကွက်တွင် (ပြာသိုလဆန်း ၁ ရက်) ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်အမျိုးသား အမျိုးသမီးများ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးဖီးလစ်သောင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းကလည်းကောင်း၊ ကရင်နှစ်သစ်ကူးနေ့ကျင်းပရေး (မဟာရန်ကုန်)မှပေးပို့သော သဝဏ်လွှာကို စသန်းစိုးက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမိုးက လည်းကောင်းဖတ်ကြားသည်။

ထို့နောက် ကရင်လူမျိုးများဖြစ်ပေါ်လာပုံ၊ ကရင်အလံနှင့် ဖားစည်အကြောင်းကို စောဝင်းထိန်က မြန်မာဘာသာဖြင့်လည်းကောင်း၊ နော်အယ်ခရစ်မူးစံက စကောကရင်ဘာသာဖြင့်လည်းကောင်း၊ နန့်သေးသေးက ပိုးကရင်ဘာသာဖြင့် လည်းကောင်း ဖတ်ကြားပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ အပါအဝင် အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့်အပြင် အကြိုနေ့ညက ကရင်ဒုံးယိမ်းအဖွဲ့ ၃၃ ဖွဲ့တို့ကလည်း ကပြဖျော်ဖြေခဲ့ကြသည်။

**နေလင်း(ညောင်တုန်း)**



# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျောက်တံခါး ဒီဇင်ဘာ ၂၉**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာတွင် တိုင်းဒေသကြီးကိုယ်စားပြု ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်အမျိုးသားအလံကို ကရင်ရိုးရာ တေးသီချင်းများ သီဆိုလွှင့်တင်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးတို့က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကရင်အမျိုးသားဆိုင်ရာ ဓလေ့ထုံးစံများကို သက်ဆိုင်ရာ ကရင်တိုင်းရင်းသားတို့က အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သံဃာအပါး ၂၀၀ အား ဆွမ်းနှင့်သင်္ကန်း ကပ်လှူခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ခံများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ညောင်လေးပင်၊ ရွှေကျင်မြို့နယ်များမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ရပ်နီးရပ်ဝေးမှ ကရင်တိုင်းရင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**မြို့နယ် (မြန်/ဆက်)**

**လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး**

# (၆၉)နှစ်မြောက်မှသည် ကမ္ဘာတည်သရွေ့

**မောင်ခိုင်မာ(အထက်မင်းလှ)**

"အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက် သတည်း"ဟူသည့် ကမ္ပည်းအက္ခရာ မော်ကွန်းတင်နိုင်ခဲ့သည်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၆၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပထဝီ နိုင်ငံရေးအရ အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ခရစ်သက္ကရာဇ်မပေါ်မီ ကပင် မြန်မာ့မြေတွင် သက်နှင့်အန္တယ်တူသူများက တကောင်းပြည်ကို လည်းကောင်း၊ မွန်၊ ပလောင်၊ ဝလူမျိုးစုများက သုဝဏ္ဏဘူမိ(သထုံ) ပြည်ကိုလည်းကောင်း၊ ပျူလူမျိုးစုများက သရေခေတ္တရာပြည်ကိုလည်းကောင်း၊ ဟန်လင်းနှင့် ဗိဿနိုးမြို့ကိုလည်းကောင်း မြို့ပြနိုင်ငံများအဖြစ် တည်ထောင် ကာ လွတ်လပ်စွာနေထိုင်ခဲ့ကြသည်။

ထို့နောက် (၉)ရာစုမှစ၍ ပုဂံပြည်ကို တည်ထောင်ခဲ့သည်။ အေဒီ ၁၀၄၄ ခုနှစ်တွင် အနော်ရထာဘုရင်က ပုဂံထီးနန်းရပြီး ပထမမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့သည်။ ပုဂံခေတ်တွင် အနော်ရထာ၊ ကျန်စစ်သား၊ နရပတိစည်သူစသော ပုဂံမင်းဆက်များသည်လည်းကောင်း၊ တောင်ငူခေတ် တွင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတရား စသော မင်းဆက်တို့သည်လည်းကောင်း၊ ဧကရာဇ်နိုင်ငံတော်တည်ထောင်ကာ ကိုယ့်အရှင် ကိုယ့်သခင်ဖြင့် နေထိုင်လာခဲ့ကြသည်။ ထိုဧကရာဇ်နိုင်ငံတော်များ ပြိုကွဲသောအခါ ရွှေဘိုမှ ဦးအောင်ဇေယျဦးဆောင်သော အင်အားစုများက ကုန်းဘောင်ဧကရာဇ်နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့သည်။ ဤသို့ပြန်လည် စုစည်းတည်ထောင်ခဲ့ရသော ကုန်းဘောင်ဧကရာဇ် နိုင်ငံတော်သည် အရင်းရှင်စနစ်နှင့် ပက်ပင်းတိုးကာ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့က တစ်ပိုင်းပြီး တစ်ပိုင်း ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့မှု ကြောင့် အမိမြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ သက်ဆင်း ခဲ့ရပါသည်။

ထိုကာလမှစတင်၍ သူ့ကျွန်မခံလိုသော တိုင်းရင်းသားအာဇာနည်ပုဂ္ဂိုလ် များက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့ကို ခုခံခဲ့ကြသည်။ ၁၉၀၆ ခုနှစ်တွင် ဘာသာရေးအသွင်ဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ကို စတင်ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ ၁၉၁၉ ခုနှစ်တွင် GCBA အသင်းကြီးကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမ ကျောင်းသားသပိတ်ကြီးပေါ်ပေါက်ခဲ့သည်။ GCBA နှစ်ခြမ်းကွဲသည်။ တွဲရေး၊ ခွဲရေးနိုင်ငံရေးပြဿနာပေါ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံပေါ်ပေါက်ခဲ့သည်။ ၁၉၃၀ ခုနှစ် မေ ၃၀ ရက်တွင် တို့ဗမာအစည်းအရုံးကို တည်ထောင်ပြီး တို့ဗမာ အစည်းအရုံး၏ လှုပ်ရှားမှုအောက်မှ ၁၉၃၆ ခုနှစ်တွင် ဒုတိယကျောင်းသား သပိတ်ပေါ်ပေါက်ခဲ့သည်။ တစ်ဆက်တည်းမှာပင် အထွေထွေဖိနှိပ်ခံရသော အလုပ်သမားထုက ၁၉၃၈ ခုနှစ် ဇန်နဝါရီလတွင် ၁၃၀၀ ပြည့် အရေး တော်ပုံအဖြစ် တိုက်ပွဲဝင်ခဲ့ကြသည်။ အဆိုပါ ၁၃၀၀ ပြည့်အရေးတော်ပုံသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးလှုပ်ရှားမှုတွင် အထွတ်အထိပ်ဖြစ်ခဲ့သည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကာလတွင် တို့ဗမာအစည်းအရုံးသည် ပိုမိုထက်မြက်လာပြီး အခြေအနေ၏ တောင်းဆိုချက်အရ ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် သခင်အောင်ဆန်းသည် ပြည်ပသို့ ထွက်ခွာခဲ့သည်။ ဂျပန်တွင် ရဲဘော်သုံးကျိပ်တို့ စစ်ပညာကို ပင်ပန်းဆင်းရဲကြီးစွာဖြင့် သင်ယူခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် BIA (ဗမာ့လွတ်လပ်ရေးတပ်မတော်) ကို ဘန်ကောက်၌ ဖွဲ့စည်းခဲ့သည်။

BIA သည် ၁၉၄၂ ခုနှစ်တွင် ဂျပန်၏အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်လာပြီး အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့သည်။ (၁-၈-၁၉၄၃) တွင် ဂျပန်က ရွှေရည်စိမ်လွတ်လပ်ရေးပေးသည်။ BIA မှ ပြောင်းလဲဖွဲ့စည်းလိုက်သော BDA က ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကို အင်နှင့် အားနှင့် ပြုလုပ်နိုင်ခဲ့သည်။ ဂျပန်တို့လက်နက်ချသောအခါ ဆာဒေါ်မန်စမစ် ဦးဆောင်သော အင်္ဂလိပ်တို့ပြန်ဝင်လာသည်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ တိုင်းရင်းသားပြည်သူအပေါင်းက တော်လှန်တိုက်ပွဲဝင်ရပြန် သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီတွင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆို နိုင်ခဲ့သည်။ သို့သော် လေ့လော့်ရင်းတက်ကျိုး ဆိုသကဲ့သို့ ၁၉၄၇ ခုနှစ် ဇူလိုင်တွင် နယ်ချဲ့ပယောဂကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။ သို့သော် အမိနိုင်ငံလွတ်လပ်ရေးအတွက် ကျန်ရှိသည့် ခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအပေါင်းတို့၏ မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် စည်းလုံးညီညွတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လုံးဝလွတ်လပ်ရေးရရှိခဲ့ခြင်း ဖြစ်သည်။

ဤသို့လျှင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို ငဲ့စောင်းကြည့်သော အခါ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားသင့်မြတ်မှုတို့ အားနည်း သောအခါ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးရကြောင်း၊ စည်းလုံး ညီညွတ်မှုအားကောင်းသောအခါ တစုတစည်းတည်းသော နိုင်ငံတော်အဖြစ် တည်ထောင်နိုင်ပြီး ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြောင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော သူရဲကောင်းများသည် နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစုနှင့် ကိုးကွယ်ယုံကြည်မှုများ မတူညီ ကြသော်လည်း နိုင်ငံနှင့် လူမျိုးတို့၏ ကောင်းကျိုးချမ်းသာအတွက် အသက်စွန့် ခဲ့ကြရာတွင်တူညီကြကြောင်းအစရှိသည်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်ရပေမည်။

ယနေ့ကာလမြန်မာနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ(လမ်းပြမြေပုံ) ခုနစ်ရပ်ကိုချမှတ်ကာ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် တစ်မျိုးသားလုံးက နိုးကြား တက်ကြွစွာဖြင့် ဆောင်ရွက်နေကြသည့်ကာလဖြစ်ပါသည်။ ထို့အတူ လူမျိုး အလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စတင်ကျင်းပတော့မည့် ထူးမြတ်သည့်အချိန်ကာလလည်း ဖြစ်ပါသည်။ အမိမြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရှိသောနိုင်ငံ ဖြစ်လင့်ကစား ပြည်တွင်း

**လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို ငဲ့စောင်းကြည့်သောအခါ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားသင့်မြတ်မှုတို့ အားနည်းသောအခါ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးရကြောင်း၊ စည်းလုံးညီညွတ်မှု အားကောင်းသောအခါ တစုတစည်းတည်းသော နိုင်ငံတော်အဖြစ် တည်ထောင်နိုင်ပြီး ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြောင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော သူရဲကောင်းများ သည် နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစုနှင့် ကိုးကွယ် ယုံကြည်မှုများ မတူညီကြသော်လည်း နိုင်ငံနှင့်လူမျိုးတို့၏ ကောင်းကျိုးချမ်းသာအတွက် အသက်စွန့်ခဲ့ကြရာတွင်တူညီ ကြကြောင်းအစရှိသည်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်ရပေမည်။**

ငြိမ်းချမ်းရေးမရသေးသဖြင့် အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရပေသည်။ လွတ်လပ်ရေးအရသာကို တင်းပြည့်ကျပ်ပြည့် မခံစားရပါ။

သို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးကို ၂၁ရာစု ပင်လုံညီလာခံတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နေပေသည်။ ပြည်ထောင်စုသဘောတူညီချက် လက်မှတ် ရေးထိုးပြီးနောက် လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲကြရပေမည်။ ပေါ်ပေါက်လာမည့် အခြေခံဥပဒေတွင် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများ ပါဝင်လာပေမည်။ ထိုအခါတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက် လာကြပေမည်။ တစ်ဆက်တည်းမှာပင် အနာဂတ်ကာလ မြန်မာနိုင်ငံဝယ် တိုင်းရင်းသားလူမျိုးများသည် အပြန်အလှန်လေးစားယုံကြည်မှု၊ အချင်းချင်း ရိုင်းပင်းကူညီမှု၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံမှုတို့ဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို တည်တံ့ခိုင်မြဲ စေမည်ဖြစ်ပါသည်။

သို့အတွက် ကျွန်ုပ်တို့တိုင်းရင်းသားပြည်သူအပေါင်းတို့သည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ကမ္ဘာတည်သရွေ့ မြန်မာပြည် တည်ရှိရမည်ဟူသော သန္နိဋ္ဌာန်ကို အခိုင်အမာချမှတ်ကာ "ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိ လာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ် တွင် စစ်မှန်သည့် ပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး"ဟူသည့် ဦးတည်ချက်အပါအဝင် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

# ငွေလဲနှုန်းပြန်လည်တည်ငြိမ်လာစေရေး ကုန်သည်စက်မှုအသင်းချုပ်မှ နိုင်ငံတော်အစိုးရသို့ အကြံပြုတိုက်တွန်းချက်အစီရင်ခံစာ ပေးပို့မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာကျပ်ငွေတန်ဖိုးသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ၁၇ ရာခိုင်နှုန်းကျဆင်းခဲ့ရာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်နေခြင်းအခြေအနေသည် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် ထိခိုက်စေလျက်ရှိပြီး ပြည်တွင်းအထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်သဖြင့် ငွေလဲနှုန်းများ ပြန်လည်တည်ငြိမ်လာစေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်မှ နိုင်ငံတော်အစိုးရသို့ အကြံပြုတိုက်တွန်းချက်အစီရင်ခံစာ ပေးပို့သွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိငွေလဲနှုန်းများ မြင့်တက်နေခြင်းသည် မြန်မာ့ဈေးကွက်အတွင်း နိုင်ငံခြားငွေ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှုမြင့်မားနေခြင်းကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာကာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာကြောင်း၊ အဓိကအကြောင်းအရင်းများမှာ ကုန်သွယ်မှုလိုငွေမြင့်မားနေခြင်း၊ တရားမဝင်ငွေကြေးဈေးကွက် အားကောင်းနေခြင်းနှင့် ဒေါ်လာဈေးကစားကြသူများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုန်သည်စက်မှုအသင်းချုပ်မှ အကြံပြုတိုက်တွန်းချက်အစီရင်ခံစာပေးပို့မည့် အကြံပြုချက်အနှစ်ချုပ်များကိုပါ ဖော်ပြထားပြီး ငွေကြေးဈေးကွက်ဆိုင်ရာ အကြံပြုချက်တွင် ဗဟိုဘဏ်အနေဖြင့် လိုအပ်ပါက Free Floating Exchange Rate အစား Managed Floating Exchange Rate စနစ်ကို ပြောင်းလဲကျင့်သုံးသင့်ပြီး ငွေကြေးဈေးကွက် မတည်ငြိမ်မှုများအား ပျော့ပျောင်းသော နည်းဖြင့် ထိန်းညှိပေးရန်၊ ဗဟိုဘဏ်မှ ငွေကြေး ဈေးကွက်အား လိုအပ်ပါက ဝင်ရောက်ထိန်းညှိ မည်ဖြစ်ကြောင်း ငွေကြေးဈေးကစားသူများ အား သတိပေးသည့်အနေဖြင့် ကျယ်ကျယ် ပြန့်ပြန့်ကြေညာရန်၊ ငွေကြေးဈေးကွက်အတွင်း ဈေးနှုန်းထိန်းညှိခြင်း ပိုမိုလွယ်ကူစေရန် တရားမဝင်ငွေကြေးဈေးကွက်အား တိုက်ဖျက် ပြီး ဘဏ်လုပ်ငန်းများနှင့် အသုံးပြုသူများ အကြားသာ တိုက်ရိုက်အရောင်းအဝယ်ပြုရန်၊ နိုင်ငံခြားဘဏ်အကောင့်မှ တစ်နေ့လျှင် အများဆုံးကန်ဒေါ်လာ ၅၀၀၀ ဖြင့်သာ တစ်ပတ်လျှင်နှစ်ကြိမ်သာ ငွေထုတ်ယူရန် သတ်မှတ်တားမြစ်ထားမှုအား ချက်ချင်း ပယ်ဖျက်ရန်တို့ ပါဝင်သည်။

နိုင်ငံခြားငွေများ ပိုမိုရရှိလာစေရေး အကြံပြုချက်တွင်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များအား ခွင့်ပြုရာတွင် ငွေကြေးအရင်းအနှီး များအား ပြည်တွင်းသို့ သယ်ယူကာ လည်ပတ် စေမည့်လုပ်ငန်းများအား ဦးစားပေးခြင်းနှင့် ပြည်တွင်း၌ အမှန်တကယ် လည်ပတ်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်စေခြင်းတို့ကို ဆောင်ရွက်ရန်၊ နိုင်ငံခြားရောက်မြန်မာအလုပ် သမားများ၏ ပြန်ပို့ငွေများ တရားဝင်နည်းလမ်း များမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည် ဝင်ရောက်လာရေးနှင့် နိုင်ငံခြားဘဏ်များ၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်စသည်တို့တွင် ကိန်းအောင်းနေသော နိုင်ငံခြားငွေများ မြန်မာ့ဈေးကွက်အတွင်းသို့ စီးဆင်းလည်ပတ်စေရေး ဆောင်ရွက်ရန်၊ ပို့ကုန်နှင့် ပြန်လည်ပို့ကုန်မှ ရရှိသော နိုင်ငံခြားငွေများ ပြည်ပတွင် လည်ပတ်နေခြင်း မဟုတ်ဘဲ ပြည်တွင်းသို့ အမှန်တကယ် ဝင်ရောက်လာစေရန်အတွက် သက်ဆိုင်ရာ ကုမ္ပဏီအား ခြောက်လအတွင်း ငွေလွှဲယူမှု ရှိ၊ မရှိ စစ်ဆေး၍ မရှိက အရေးယူရန်၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း များ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ JICA စသည်ဖြင့်)မှ ပေးအပ်ရန် ကတိပြုထား သည့် ကူညီထောက်ပံ့ငွေပေါင်း အမေရိကန် ဒေါ်လာ လေးဘီလီယံကျော်အား လျင်မြန် ထိရောက်စွာရရှိနိုင်ရန် နိုင်ငံတော်အစိုးရမှ ညှိနှိုင်းကူညီရန်တို့ဖြစ်သည်။

ကျပ်ငွေဝယ်လိုအားမြှင့်တင်ရေး အကြံပြုချက်တွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ၏ ငွေလွှဲပေးချေမှုတွင် ကျပ်ငွေကိုသာ အသုံးပြုရေးမူဝါဒများ ချမှတ်ရန်၊ အကြွေးဝယ်ကတ်များ အသုံးပြု၍ ကျပ်ငွေလွှဲပြောင်းမှုများ တိုးမြှင့်လာစေရေး အစိုးရမှ တွန်းအားပေးရန်တို့ဖြစ်ပြီး ပို့ကုန် သွင်းကုန်ဆိုင်ရာအကြံပြုချက်တွင် လက်ရှိ နိုင်ငံခြားမှ တင်သွင်းမှု အများဆုံးဖြစ်သော ကုန်ပစ္စည်းများကိုလေ့လာပြီး အရေးကြီး လိုအပ်မှုအပေါ် ဦးစားပေးသတ်မှတ်ကာ အချို့ကုန်ပစ္စည်းများတင်သွင်းမှုကို လျှော့ချရန်နှင့် ရေရှည်ဆောင်ရွက်မည့်လုပ်ငန်းများ အကြံပြုချက်တွင် ပြည်တွင်းသို့ နိုင်ငံခြားငွေများ ပိုမိုများပြားစွာ ဝင်ရောက်စီးဆင်းစေမည့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ပြည်တွင်း၌ လုပ်ကိုင်ခွင့်ရရှိစေရန်၊ ပြည်တွင်းထုတ်ကုန် မြင့်မားလာစေရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့် နိုင်ရေးအတွက် အဓိကကျသော တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ အပြင် Supply Chain တစ်ခုလုံးရှိ Supporting Industries များကိုပါ အားပေး ထောက်ပံ့သွားရန်တို့ ပါရှိသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ် လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ပိုမို ထိရောက်သော မူဝါဒပိုင်းဆိုင်ရာအကြံပြုချက်၊ တိုက်တွန်းချက်များဖြင့် နိုင်ငံတော်အစိုးရအား ပံ့ပိုးနိုင်ရန် မြန်မာ့စီးပွားရေးကဏ္ဍအားလုံးမှ အသင်းအဖွဲ့များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များပါဝင်သော အလုပ်ရုံ ဆွေးနွေးပွဲကို ကုန်သည်စက်မှုအသင်းချုပ် အနေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဈေးကွက်အတွင်း မြန်မာ့ထုတ်ကုန်များ ခိုင်မာစွာရပ်တည်နိုင်ရေး တိုးချဲ့ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရ သည်။ **(နိုင်လင်းကြည်)**

**ရှေ့ဖုံးမှ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာတွင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်၍ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားသည့်နိုင်ငံများသည် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေး နိမ့်ပါးသည့် နိုင်ငံများကိုကြည့်ပါက အာဏာရှင်နိုင်ငံဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံဖြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီး ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

ဒီမိုကရေစီ အခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှု ရရှိမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လုပ်ငန်းများဆောင်ရွက်ရသည့် မဏ္ဍိုင်ကြီး (၃)ရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင်(၃)ခုသည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုးပြုလုပ်၍ မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း ပြောကြားသည်။

မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့်အဆိုများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးနိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်လျှို့ဝှက်ကိစ္စရပ်များဖြစ်၍မရပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ကျေညက်အောင် လေ့လာကြရန် လိုအပ်ပါကြောင်း။

တိုင်းပြည်အတွက် ကောင်းမည်ဆိုပါက မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကမဆို တင်သွင်းသည့် အဆို၊ ဥပဒေများကို လက်ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန် လိုကြောင်း၊ ပြဋ္ဌာန်းသည့်ဥပဒေသည် နိုင်ငံတကာနှင့် လက်မှတ်ရေးထိုးထားသည့် ကွန်ဗင်းရှင်းများ၊ သဘောတူညီချက်များနှင့် ကိုက်ညီရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်နှင့် နောင်ယား(ခ)ရပ်ကွက်သို့သွားရောက်ပြီး ပြည်နယ်လွှတ်တော်ရုံးနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# အသည်းအစားထိုးကုသမှုခံယူထားသော လူနာများ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံအရိုးနှင့် ထိခိုက်ဒဏ်ရာကုသဆောင်တွင် ကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားပြီး အထူးကြပ်မတ်ကုသခန်းတွင် ဆေးကုသမှုလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ကျ ဆရာဝန်များက ရှင်းလင်းပြသရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပရဟိတအဖွဲ့များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ ပရဟိတလူငယ်များအားရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခုကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်းကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကာ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆွေးနွေးပြောကြားကာ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့အမှုဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်တို့နှင့်အတူ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၏ ပြင်ပလူနာဌာနနှင့် ခွဲစိတ်ကုသဆောင်တို့အား ရှောင်တခင် ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ကျ ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အသုံးပြုသည့်ဆေးဝါးများ တိကျစစ်မှန်ရေး၊ သက်တမ်းလွန်မှုမရှိစေရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်ပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံ၏ ပြင်ပလူနာဌာန၊ ခတ်ခွဲခန်း၊ သားဖွားနှင့် မီးယပ်ကုသလူနာဆောင်များအား လည်းကောင်း၊ တိုးချဲ့လူနာဆောင်များ ဆောက်လုပ်ပြီးစီးမှုအား လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံစာရင်းဇယားစနစ်ကျမှန်ကန်မှုရှိရေး၊ ဆေးရုံဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်ပြောကြားပြီး တိုးချဲ့လူနာဆောင်အသစ်များ အမြန်ဆုံးဖွင့်လှစ်အသုံးပြုနိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ ခုတင် ၅၀၀ အထူးကုဆေးရုံသို့ ရောက်ရှိပြီး ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အသည်းအစားထိုးကုသမှုခံယူထားသော လူနာများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုများကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်၊ အသည်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်တင်မာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ အသည်းအစားထိုးကုသခြင်း လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး အသည်းအစားထိုးခွဲစိတ်ကုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကရင်သက္ကရာဇ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်အရှေ့ခြမ်းကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူး၍ ယနေ့ နံနက်ပိုင်းမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အစီအစဉ်များအဖြစ် နံနက်ပိုင်းတွင် တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ မြက်ခင်းပြင်၌ ကရင်အမျိုးသားအလံတင် အခမ်းအနားပြုလုပ်ခြင်း၊ ဗုဒ္ဓဘာသာကရင်များက ကရင်အိမ်တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ခရစ်ယာန်ဘာသာဝင်ကရင်များကလည်း ပြည်ထောင်စုခန်းမ၌ နှစ်သစ် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဝတ်ပြုဆုတောင်းခြင်းနှင့် သက်ကြီးဘိုးဘွားမိဘတို့အား ဂါရဝပြုပူဇော်ခြင်းတို့ကို ပြုလုပ်ကြသည်။

နံနက် ၁၀နာရီခွဲတွင် မင်္ဂလာဖားစည်တီးခြင်း၊ ကြွေချိုမှုတ်ခြင်းတို့ပြုလုပ်ကာ ကရင်နှစ်သစ်ကူးနေ့ ဖွင့်ပွဲအခမ်းအနားကိုစတင်ခဲ့ပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကရင်အမျိုးသားအလံအားအလေးပြုခြင်းတို့ကိုပြုလုပ်သည်။

ဖွင့်ပွဲတွင် သဘာပတိ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဝင် ပဒိုစောထွန်းအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ဧည့်သည်တော်များအဖြစ် တက်ရောက်လာကြသည့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံကိုတင်ပြခြင်း၊ ရိုးရာယဉ်ကျေးမှု တင်ဆက်ခြင်းအဖြစ် ကရင်ဒုံးအက၊ တိုင်းရင်းသားသီချင်းများ၊ ကြိုးကျစ်အက၊ ပျားဖွတ်အက၊ ဝါးညှပ်အကတို့ဖြင့် ဖျော်ဖြေကြသည်။

ရန်ကုန်အရှေ့ခြမ်းကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ စောချစ်မျိုး(ခ)စောအယ်ကော်က "ဒီနေ့က ကရင်သက္ကရာဇ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဖြစ်ပါတယ်။ ရန်ကုန်အရှေ့ခြမ်းကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီအနေနဲ့က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာအခုဆိုင်းကြိမ်မြောက် ပြုလုပ်တာဖြစ်ပါတယ်။ အခုလိုကျင်းပခွင့်ပေးတဲ့ အစိုးရအဖွဲ့အဆင့်ဆင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကရင်မျိုးနွယ်စုဆိုရင် ၁၁ ခုလောက်ရှိတယ်။ ကျွန်တော်တို့က မျိုးနွယ်စုတွေများသလို ထိန်းသိမ်းရတဲ့ ယဉ်ကျေးမှုလည်းများပါတယ်။ ဒီနေ့ဆို တိမ်မြုပ်နေတဲ့ ကရင်ယဉ်ကျေးမှုအကကို ကျွန်တော်တို့ ဖော်ထုတ်တယ်။ ပျားဖွတ်အက၊ ဝါးညှပ်အက၊ ကြိုးကျစ်အက၊ ဒုံးအကတွေနဲ့အတူ ကိုယ်လုပ်နိုင်တဲ့ ယဉ်ကျေးမှုကို အကောင်းဆုံးဖော်ထုတ်တယ်။ကိုယ့်ရဲ့စာပေယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် အမြဲတမ်းစီမံဆောင်ရွက်သွားမှာပါ" ဟုပြောသည်။



ကရင်နှစ်သစ်ကူးနေ့ကို နှစ်စဉ် ပြာသိုလဆန်း ၁ ရက်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး လွန်ခဲ့သည့် ၁၉၃၆-၃၇ ခုနှစ်က တိုင်းပြုပြည်ပြုလွှတ်တော်၌ ကရင်အထက်လွှတ်တော်အမတ် သုံးဦးနှင့် အောက်လွှတ်တော်အမတ် ၁၂ ဦးတို့၏တင်ပြမှုကြောင့် ကန့်ကွက်သူမရှိဘဲ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း သိရသည်။

ယနေ့ကျရောက်သည့် ကရင်နှစ်သစ်ကူးပွဲတော်ကို မြန်မာတစ်နိုင်ငံလုံးတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်မူ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၊ အင်းစိန်အာလိန်ငါးဆင့်၊ ကရင်ခြံအစ ရှိသည့်နေရာများတွင် နှစ်သစ်ကူးပွဲတော်အဖြစ် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့သည်။

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းအတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကိုရီးယား-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယာဉ်ကြောကျပ်တည်းမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်မည့် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်မည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း Detailed Design and Construction Supervision အတွက် ယမန်နေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ Soosung မှ ဥက္ကဋ္ဌ Mr.KIM Jong Hun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း Detailed Design and Construction Supervision အတွက် အတိုင်ပင်ခံအဖွဲ့နှင့် သဘောတူစာချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးနှင့် ကိုရီးယားနိုင်ငံ Soosung မှ ဥက္ကဋ္ဌ Mr. KIM Jong Hun တို့က ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# မြန်မာနှင့် ဂျပန် ကင်းထောက်အမျိုးသမီးအဖွဲ့ တို့ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့တို့ပူးပေါင်းပြုလုပ်သည့် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချသင်တန်း (Fourth International Camp For MMGG and GSJ)သို့ ယနေ့ ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တို့ လာရောက်ပြီး သင်တန်းတက်ရောက်လျက်ရှိသည့် ဂျပန်-မြန်မာ အမျိုးသမီးကင်းထောက်များအား တွေ့ဆုံ အားပေးသည်။

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် အမျိုးသမီးကင်းထောက်ကြီးများ၊ ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms. Kuniko Tatamitani နှင့် ဂျပန်အမျိုးသမီး ကင်းထောက်ကြီးများ၊ ဂျပန်နှင့် မြန်မာ ကင်းထောက်အမျိုးသမီး သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီး ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms. Kuniko Tatamitani တို့က အမှာစကားပြောကြားပြီး သင်တန်းသူ ဂျပန်နှင့် မြန်မာအမျိုးသမီးကင်းထောက်နှစ်ဦးက သင်တန်းနှင့် ပတ်သက်၍ ပြောကြားသည်။

ညပိုင်းတွင် ဂျပန်နှင့်မြန်မာ အမျိုးသမီးကင်းထောက်များသည် မိမိတို့နိုင်ငံအလိုက် ရိုးရာအဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကြပြီး ချစ်ကြည်ရင်းနှီးမှုရရှိရေး ဆောင်ရွက်ကာ ယနေ့နံနက်ပိုင်းတွင် ကင်းထောက်ပညာများ တဲထိုးခြင်း၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုပညာရပ်များ၊ ကင်းထောက်သီချင်းများ အတွေ့အကြုံဖလှယ်ကာ စခန်းချပြိုင်ပွဲများ ဆောင်ရွက်ကြသည်။

ယင်းစခန်းချသင်တန်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့နှင့် ဟီရိုရှီးမားမြို့တို့မှ ဂျပန်ကင်းထောက် အမျိုးသမီး ၃၁ ဦးနှင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နှင့် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ မြန်မာကင်းထောက်အမျိုးသမီး ၉၂ ဦး




တို့သည် ဒီဇင်ဘာ ၃၁ ရက်အထိ စခန်းချလေ့ကျင့်ကြမည် ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်ညတွင် မီးပုံပွဲကျင်းပမည်ဖြစ်သည်။

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို ချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ကင်းထောက်ပညာများ ဖလှယ်နိုင်ရေး၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ လေ့လာနိုင်ရေး၊ တောတွင်းစခန်းချအတွေ့အကြုံများ ဖလှယ်ရေးတို့အတွက် ရည်ရွယ်လေ့ကျင့်သင်ကြားခြင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် မှုခင်းများစစ်ဆေးစီရင်ခြင်း ဆွေးနွေးညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)အရ လှိုင်သာယာမြို့နယ် တရားရုံးကို ရှေ့ပြေးတရားရုံး (Pilot Court) အဖြစ်သတ်မှတ်၍ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ် (Caseflow Management)ဖြင့် မှုခင်းများ စစ်ဆေးလျက်ရှိရာ စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ဒေသနှင့်လုံခြုံရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားပြီး ရုံးအဖွဲ့မှူးက တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် လှိုင်သာယာမြို့နယ် တရားရုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**ကိုလတ်(သတင်းစဉ်)**

# တရုတ်-အာဆီယံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖိုရမ် မြန်မာနိုင်ငံမှ ကုန်သည်ကြီးများတက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၉**

တရုတ်-အာဆီယံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖိုရမ်ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တွင် တရုတ်နိုင်ငံ စစ်ဆောင်ပနားမြို့တွင်ကျင်းပရာ တရုတ်နှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ ကုန်သည်များ၊ တရုတ်နိုင်ငံ ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့များမှ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

ယခုနှစ်သည် တရုတ်နှင့် အာဆီယံနိုင်ငံများ ဆက်ဆံသည့် (၂၅)နှစ်မြောက်ဖြစ်ပြီး တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ အကြီးဆုံး စီးပွားရေးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်စဉ်ကုန်သွယ်မှု ကန်ဒေါ်လာ ၁၆၀ ဘီလီယံထိရှိပြီး အဓိကအားဖြင့် ဘဏ္ဍာရေး၊ ခရီးသွား၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဖိုရမ်၊ Think Tank အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ယခုနှစ် အောက်တိုဘာလအတွင်းက ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးထားကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်သူများသည် မြေငှားရမ်းမှု ပြုလုပ်နိုင်ကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား လျှပ်စစ်စွမ်းအင်၊ သတ္တုတွင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားရာ ကုမ္ပဏီ ၁၃၁ ခုက ကန်ဒေါ်လာ ၁၈ ဘီလီယံရင်းနှီးမြှုပ်နှံထားသည်ဟု ဖိုရမ်ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်က ဆွေးနွေးပြောကြားသည်။

**(ဝဝ၂)**






# မှုခင်းကျဆင်းရေးအသိပညာပေးစာကြည့်တိုက်ယာဉ် ဒိုက်ဦး၌ လှည့်လည်ဟောပြောပြသ

**ဒိုက်ဦး ဒီဇင်ဘာ ၂၉**

ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၂၇ ဦး၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ ဒု-ရဲမှူး တင့်ဆွေဦးစီး၍ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၆)ပဲခူးမှ ရဲတပ်ကြပ်ကြီး ကျော်သူပါ တပ်ဖွဲ့ဝင် နှစ်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃)ပဲခူးမှ ရဲတပ်ကြပ်ကြီး နေလင်းစိုးတို့အဖွဲ့ ပါဝင်သော မှုခင်းကျဆင်းရေး အသိပညာပေး စာကြည့်တိုက်ယာဉ်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ စက်ကွင်းရပ်ကွက် ဒဂုံ-မန်းကားလမ်း ကန်တော်မင်္ဂလာတာဆုံ၌ မှုခင်းကျဆင်းရေးအတွက် ဟောပြောပြသရာ ကန်တော်မင်္ဂလာ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ၆၀ နှင့် ပြည်သူ ၁၄၀ တို့ လာရောက်ကြည့်ရှုကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

မူးယစ်အန္တရာယ်
လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက်
လက်ချင်းဆက်

## တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းခရစ်ကက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလွတ်တန်း ခရစ်ကက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ရုံအနီး၌ ကျင်းပခဲ့သည်။

ယနေ့အကြိုဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသားပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းမှ စုစုပေါင်း ရမှတ် ၁၅ မှတ်အသာဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံးကစားသမားဆုကို မန္တလေးတိုင်းဒေသကြီးအသင်းမှ နေလင်းအောင်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းမှ စုစုပေါင်းရမှတ် ၉၀ အသာဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံး ကစားသမားဆုကို ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းကိုကလည်းကောင်း အသီးသီးရရှိသွားသည်။

အကြိုဗိုလ်လုပွဲ အမျိုးသမီးပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းမှ စုစုပေါင်းရမှတ် ၅၅ မှတ်အသာဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံးကစားသမားဆုကို မန္တလေးတိုင်းဒေသကြီးအသင်းမှ သဲသဲအောင်က လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းမှ စုစုပေါင်းရမှတ် နှစ်မှတ်အသာဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံးကစားသမားဆုကို ကယားပြည်နယ်အသင်းမှ ဇွန်လင်းက ရရှိသွားသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ရုံအနီး ခရစ်ကတ်ကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်းသိရသည်။

**(မောင်မောင်ဇော်)**





## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက်(၂၃)နှစ်အောက် မြို့နယ်/ကလပ်ပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက်(၂၃)နှစ်အောက် မြို့နယ်/ကလပ် ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအောင်နှင့် မြို့နယ်အား/ကာ အရာရှိများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က အဖွင့်အမှာစကားပြောကြား၍ အားကစားသမားများနှင့်အတူ အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းအတွဲ(၁)၊(၂) တို့ကို သရုပ်ပြသ၍လည်းကောင်း၊ တိုက်ကွမ်ဒို အားကစားနည်းဖြင့်လည်းကောင်း သရုပ်ပြသခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် မြို့နယ်နှင့်ကလပ်ပေါင်းစုံ ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မုံးကိုးမြို့နှင့်မိုင်းငေါ်မြို့ အနီးပတ်ဝန်းကျင်များမှ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မုံးကိုးမြို့နှင့် အနီးဝန်းကျင်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးနှင့်လုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ဖောင်းဆိုင်ရွာ၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ၌ လမ်းဘေးချုံအတွင်းမှ လက်ပစ်ဗုံး ၁၀ လုံး၊ ဗုံးသီးတစ်လုံး၊ အမ် ၂၂ ကျည်အိမ် လေးခု၊ ကျည်တောင့် ၁၂၀ နှင့် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မိုင်းငေါ်မြို့၏ အနောက်မြောက်ဘက် မီတာ ၇၀၀၀ ခန့်အကွာ၌ မသင်္ကာဖွယ်ဆိုင်ကယ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် ရှင်းလင်းရာ ဆိုင်ကယ်အနီးချုံအတွင်းမှ အမျိုးသား နှစ်ဦး ရုတ်တရက်ထွက်ပြေးသဖြင့် ဆိုင်ကယ်တွေ့ရှိသည့်နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက အသေးစိတ်ရှင်းလင်းခဲ့ရာ ဆိုင်ကယ်အနီးချုံစပ်မှ ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးနှင့် ဝိုင်ယာကြိုး ပေ ၂၀ ခန့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## Probox ဘီးပေါက်ပြီးအရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိသစ်ပင်ဝင်တိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၇၇/၅)နှင့်(၁၇၇/၆) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ)မောင်းနှင်လာသော Probox ယာဉ်မှာ ယနေ့နံနက် ၂နာရီ မိနစ် ၄၀ က ဝဲရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ကိုတိုက်ကာ တစ်ဖက်ယာဉ်ကြောမြေသားလမ်းပေါ် သို့ ရောက်ရှိရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့်ယာဉ်မှာ အနည်းငယ်ပျက်စီးသွားပြီး လူထိခိုက်မှုမရှိကြောင်း၊ ယာဉ်မောင်းအားယာဉ်မဆင်မခြင်မောင်းမှုကြောင့် ရာဇသတ်ကြီးပုဒ်မ ၂၇၉အရ သာဂရ အမြန်လမ်းရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယမန်နေ့ ည ၁၁ နာရီ မိနစ် ၄၀ တွင် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၅/၃) နှင့်(၅/၄)အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်းဟိန်းထက်အောင် မောင်းနှင်လာသော Fielder ယာဉ်မှာ ယာဉ်မောင်းတိုးဝင်း မောင်းနှင်လာသော ရာဇာထွန်း Express ယာဉ်နှင့် ဘေးချင်းယှဉ်မောင်းနှင်ရာမှ ပွတ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ခရီးသည်များအန္တရာယ်ကင်းရှင်းခဲ့သော်လည်း ယာဉ်များမှာ အနည်းငယ်ပျက်စီးသွားသည်။သို့ပါ၍ ယာဉ်မောင်းများအား မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့မှ ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

■



## ကော့သောင်းမြို့အဝင် ကမ်းခြေတစ်လျှောက် အမှိုက်ကောက်

**ကော့သောင်း ဒီဇင်ဘာ ၂၉**

ကော့သောင်းမြို့အဝင် ကမ်းနားလမ်း ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမှိုက်ကောက်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်းသိရသည်။

မြန်မာနိုင်ငံတောင်ဘက်စွန်း ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သို့ ရေလမ်းခရီးမှ လာရောက်ရာ မြို့အဝင်ရှုခင်းသည် သမိုင်းဝင်ဘုရင့်နောင်အငူမှ ပင်လယ်ဒီရေတားကျောက်စိုင်ကျောက်တုံးကြီးများဖြင့် တန်ဆာဆင်ထားသည့် ကမ်းခြေပလက်ဖောင်း၊ စိမ်းစိုလန်းဆန်းသည့်ဆိပ်ကမ်းသာပန်းခြံအလှတို့ဖြင့် မြင်ရသူအဖို့ လွမ်းစွာကြည်နူးဖွယ်ကောင်းရာ ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ဈေးရောင်းဈေးဝယ်များဖြင့် ဆိပ်ကမ်းတစ်ဝိုက်စည်ကားနေလေ့ရှိသည်။

အဆိုပါ စည်ကားလျက်ရှိသည့် ဆိပ်ကမ်းတစ်လျှောက် ပြည်သူတချို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် မြို့မဆိပ်ကမ်းတံတားမှ ဘုရင့်နောင်အငူ ကမ်းခြေတစ်လျှောက် အမှိုက်သရိုက်များ၊ ပုလင်းခွံဘူးခွံများ၊ ပုလင်းကွဲများဖြင့် သာယာလှပသည့်ပတ်ဝန်းကျင်အားအကျည်းတန်မှုဖြစ်ပေါ် လျက်ရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများက ကမ်းခြေသောင်ပြင်တစ်လျှောက် ကျောက်တုံးများအကြား အမှိုက်သရိုက်နှင့် ပုလင်းကွဲများ လိုက်လံကောက်ယူ ရှင်းလင်းဖယ်ရှားကာ မြို့အဝင်ကမ်းခြေ သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မောင်တောမြို့နယ်အတွင်း မသင်္ကာသူ သုံးဦးဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့များသည် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက်က နယ်မြေရှင်းလင်းစဉ် မသင်္ကာသူ သုံးဦးအား လက်ကိုင်ဖုန်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအုပ်စု အလယ်ရွာအနီးရှိ တောင်ကြားအတွင်း၌ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး လက်နက်ကိုင်ဆောင်ထားသူ ၁၁ ဦးခန့်သည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ညအချိန်တွင် ကျေးရွာသားများအား စစ်သင်တန်း ပို့ချနေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်နယ်မြေရှင်းလင်းရာ ဒီဇင်ဘာ ၂၈ ရက် ည ၁၂ နာရီခွဲခန့်တွင် ဦးရှည်ကျကျေးရွာတွင် အာမိရ်ဟူဆောင်၊ ဟာဆူမျာနှင့် နူဇော်ရိန် တို့ကို ရွာအတွင်းရှိလူသွားလမ်း၌ ဖုန်း သုံးလုံး၊ ဆင်းကတ် လေးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## မသန်စွမ်းကျောင်းများသို့ သွားရောက်၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံသားအခွင့်အရေးများကိုသိရှိပြီး ခံစားရရှိစေရန်နှင့် နိုင်ငံတော်အတွက် တတ်နိုင်သမျှ ပေးဆပ်တာဝန်ထမ်းဆောင်နိုင်စေရန် လူမျိုးဘာသာမရွေး အသက်(၅)နှစ်မှ (၂၅)နှစ်အတွင်း မြန်မာနိုင်ငံသား အမြင်အာရုံမသန်စွမ်းသူများအား လက်ခံသင်ကြားပေးလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)သို့ သွားရောက်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း လုပ်ငန်းစဉ်များတွင် အမြင်အာရုံချို့တဲ့သူများနှင့် အခြားမသန်စွမ်းသူများက တစ်တပ်တစ်အားပါဝင်လိုမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ကြီးဌာနမှ လှူဒါန်းသော ကျပ်ငါးသိန်းအား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းမှ သင်ကြားပြုစုပျိုးထောင်ပေးနေမှုများ၊ မုန့်ဖုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ အဆိုပါကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ ကျောင်းသား ကျောင်းသူ ၁၅၄ ဦးအား လက်ခံသင်ကြားပေးလျက်ရှိပြီး ၅၈ဦးမှာ အခြေခံပညာကျောင်းများတွင် တက်ရောက်လျက်ရှိသည်။

ဆက်လက်၍ မသန်စွမ်းသူများဘဝတွင် တန်းတူရည်တူစိတ်ချမ်းမြေ့ပျော်ရွှင်စွာလှုပ်ရှား ရပ်တည်နိုင်ရန် လူမျိုးဘာသာမရွေးမသန်စွမ်းသူများကိုလက်ခံပြုစု စောင့်ရှောက်ပေးလျက်ရှိသည့် လှိုင်သာယာမြို့နယ်ရှိအေးမေတ္တာ မသန်စွမ်းရိပ်မြုံသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် အစောင့်ရှောက်ခံကလေးများအား ရင်းနှီးစွာ တွေ့ဆုံ၍ရင်းတို့၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြေရှင်းဆွေးနွေးခဲ့ပြီး ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ငါးသိန်းအား ပေးအပ်လှူဒါန်းသည်။ အဆိုပါရိပ်မြုံတွင် မသန်စွမ်းကလေး ၈၉ ဦးအား လက်ခံပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## ယခုနှစ်အတွက် အကောင်းဆုံးပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆုနှင့် အကောင်းဆုံးပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆုများ IKBZ အာမခံလုပ်ငန်းထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆု (The Best Life Insurance Company in Myanmar 2016) နှင့် အကောင်းဆုံးပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆု (The Best General Insurance Company in Myanmar 2016) ဆုများကို မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းအား ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကောင်းဆုံး အာမခံဆုများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်က London Stock Exchange ၌ ကျင်းပခဲ့ရာ IKBZ အာမခံလုပ်ငန်းက ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ဆုများကို လက်ခံရယူခဲ့သည်။

World Finance အဖွဲ့အစည်းမှ IKBZ အာမခံ လုပ်ငန်းအား အထက်ပါ အကောင်းဆုံး အာမခံလုပ်ငန်းဆုများ ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ "ယခုအခါ ကမ္ဘာတစ်ဝန်းရှိ အာမခံလုပ်ငန်းများ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လုပ်ဆောင်လာကြကြောင်း၊ ယင်းသို့ တိုးတက်လုပ်ဆောင်လာကြသော အာမခံလုပ်ငန်းများအနက် ၂၀၁၆ ခုနှစ်အတွက် နိုင်ငံအလိုက်အကောင်းဆုံး အာမခံအဖွဲ့အစည်းများကို ရွေးချယ်ဆုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ယင်းတို့အနက် မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းသည် နိုင်ငံတော်မှ ပုဂ္ဂလိကအဖွဲ့အစည်းများအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပေးသည့် သုံးနှစ်ကာလ အချိန်တိုအတွင်း တစ်ဟုန်ထိုး မြန်ဆန်စွာ တိုးတက်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မြို့တော်ရန်ကုန်တွင် သာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ပါ ရုံးခွဲ ၁၆ ခု ဖွင့်လှစ်ပြီး ပြည်သူများ၏ အာမခံလုပ်ငန်း လိုအပ်ချက်များကို အနီးကပ်ဖြည့်ဆည်း ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအာမခံလုပ်ငန်း မူဝါဒကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ အောင်မြင်တိုးတက်အောင် လိုက်နာဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကအာမခံလုပ်ငန်းဈေးကွက်၏ ၃၅ ရာခိုင်နှုန်းကျော် ရရှိပြီး ပုဂ္ဂလိကအာမခံလုပ်ငန်းများအနက် အာမခံပရီမီယံငွေ အများဆုံး ရရှိခဲ့ကြောင်း၊ အာမခံလျော်ကြေးငွေများ ထုတ်ပေးရာတွင်လည်း အခင်းဖြစ်ပွားသည်နှင့် အချိန်နှင့်တစ်ပြေးညီ လျော်ကြေးငွေများကို အမြန်ဆုံး ထုတ်ပေးနိုင်သည့်အတွက် ပြည်သူများက ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ပိုမိုယုံကြည်လာစေခဲ့ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံအလိုက် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို တောင်ကိုရီးယားနိုင်ငံမှ SAMSUNG (General) နှင့် Hanwha (Life)၊ မလေးရှားနိုင်ငံမှ Etiqa (General) နှင့် AIA(Life)၊ ဟောင်ကောင်မှ AXA (General) နှင့် HSBC (Life) အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၆၀ မှ အာမခံကုမ္ပဏီ ၁၁၃ ခုက ရရှိခဲ့ပြီး IKBZ အာမခံလုပ်ငန်း အနေဖြင့် ယခင်နှစ်ကလည်း မြန်မာနိုင်ငံ အကောင်းဆုံးပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆု (The Best Life Insurance Company in Myanmar 2015) နှင့် အကောင်းဆုံးပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆု (The Best General Insurance Company in Myanmar 2015) ဆုများကို ရရှိခဲ့ကာ ယခုနှစ် ၂၀၁၆ ခုနှစ်၌လည်း ထပ်မံရွေးချယ်ခံခဲ့ရသဖြင့် နှစ်နှစ်ဆက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၁၀)**




## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) | သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေ | ၁၀၀၀ိ/- | ရွှေပါရမီစာပေ |
| ၂ | တင်အောင်ထွန်း(သုတေသန) | ရွှေကျောင်းပျော်မြန်မာစာလုံးပေါင်း အသံထွက် ပါဠိသက် ဝေါဟာရ အဘိဓာန် အညွှန်း | ၂၅၀၀ိ/- | သစ္စာမဏ္ဍိုင် |
| ၃ | အရှင်အဂ္ဂသာရ(ဓမ္မာစရိယ) | ရွှေကျောင်းပျော်ဓမ္မဂါထာပဒေသာ | ၁၅၀၀ိ/- | သစ္စာမဏ္ဍိုင် |
| ၄ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | ဇာရီသန့်သန့်(Execution) | ၅၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၅ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | ပြစ်မှုကျင့်ထုံး စီရင်ထုံး (၁၉၄၈-၂၀၀၆) | ၃၀၀၀ိ/- | နွဲ့ဝေစာပေ |
| ၆ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | ဥပဒေသုတ၊ပြစ်မှုမှ | ၄၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၇ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | ကာလစည်းကမ်းသတ်အက်ဥပဒေ စီရင်ထုံး ၁၉၄၈-၂၀၀၄ | ၄၅၀၀ိ/- | နေမျိုးစာပဒေသာ |
| ၈ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | သီးခြားသက်သာခွင့် အက်ဥပဒေ စီရင်ထုံး ၁၉၄၈-၂၀၀၅ | ၄၅၀၀ိ/- | နေမျိုးစာပဒေသာ |
| ၉ | ဦးတင်ဝင်း၊ တရားရုံးချုပ် | တရားမကျင့်ထုံးဥပဒေ(ပုဒ်မ၊ အမိန့်နှင့်နည်းဥပဒေဆိုင်ရာ စီရင်ထုံးများ ၁၉၄၈-၂၀၀၇) | ၅၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၀ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေရုံးခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် (ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ) | ၃၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၁ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ၊ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေနှင့် နည်းဥပဒေများ | ၅၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၂ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) | တရားမ အထူးအယူခံထုံးဖွဲ့မှုများ (၁၉၆၂-၂၀၁၀) | ၅၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၃ | ဦးတင်ဝင်း၊ တရားရုံးချုပ် | တရားမစီရင်ထုံးမှတ်စုများ(၁၉၇၃-၂၀၀၇)နှင့် မြန်မာ ဗုဒ္ဓဘာသာဝင်တို့ အမွေ | ၄၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၄ | ဦးစန်းလွင်၊ တရားလွှတ်တော်ရှေ့နေနိုင်ငံခြားရှေ့နေရုံး(FOREIGN LAW FIRM) | | ၄၅၀၀ိ/- | ဦးစန်းလွင်စာပေ |
| ၁၅ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး | တရားမဇာရီစီရင်ထုံးများ (၁၉၅၆-၂၀၀၇)နှင့် ပြစ်မှုအထူး ဥပဒေ(၂၇)မျိုး | ၄၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၆ | ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူး | တရားမကျင့်ထုံး၊ စီရင်ထုံး (၁၉၄၈-၂၀၀၄) | ၄၀၀၀ိ/- | နေမျိုးစာပဒေသာ |
| ၁၇ | ဦးတင်ဝင်း၊ တရားရုံးချုပ် | ပြစ်မှုဆိုင်ရာ ဥပဒေအင်္ဂါရပ်နှင့် စီရင်ထုံးများ(၁၉၅၆-၂၀၀၈) | ၄၅၀၀ိ/- | နွဲ့ဝေစာပေ |
| ၁၈ | အမတ်ထောက်ဦးငြိမ်း | မိုင်းယောင်ဝေ့(ခေါ်) ညောင်ရွှေ ရာဇဝင်တော်ကြီး (၁၈၄၇-၁၉၂၆) | ၂၅၀၀ိ/- | လွင်ဦးစာပေ |
| ၁၉ | မောင်မောင်လွင်(စစ်တုရင်) | ဘဝအတွက်တာ စစ်တုရင်နည်းဗျူဟာ | ၂၅၀၀ိ/- | တူဒေးစာအုပ်တိုက် |
| ၂၀ | တင်နိုင်တိုး | အထင်ကရပုဂ္ဂိုလ်များ၏ အညတရဘဝနိဂုံး | ၂၀၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၂၁ | ထက်ကျော် | အလယ်ကလူ တရားမြဲ၏ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၂၂ | Salai Van Cung Lian(UK) | ဒု-ဗိုလ်မှူးကြီး စည်သူဟရန်ထီးယိုး (B.G.M)(၁၉၄၉ ကာလ ရောင်စုံသူပုန်ခေတ် ခေါ် ပြည်တွင်းနောက်ခံ သမိုင်းနှင့် ပြည်တွင်း စစ်ကြီးတွင် ချင်းတပ်ရင်းများ ပေးဆပ်မှု) | ၁၅၀၀ိ/- | ရသစာအုပ်တိုက် |
| ၂၃ | Aung Naing Moe | CCIE ကောက်နုတ်ချက်များ အပိုင်း-၁ BGP မှတ်စု | ၁၀၀၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၂၄ | | တရားစီရင်ထုံးများ ၂၀၀၂ ခုနှစ် | ၆၀၀၀ိ/- | နွဲ့ဝေစာပေ |

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၁၇ ခုနှစ် မြန်မာ့စီးပွားရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏သုံးသပ်ချက်

တွေ့ဆုံမေးမြန်း- ဝင်းဝင်းမော်၊ နန္ဒာဝင်း
ဓာတ်ပုံ- ဝင်းနန္ဒာ

၂၀၁၆ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၁၇ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရန် ရက်ပိုင်းမျှသာ လိုတော့သည်။ လာမည့်နှစ်သစ်တွင် မြန်မာနိုင်ငံအတွက် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး၊ မြန်မာ့စီးပွားရေး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အရေးကြီးလှသည်။ ထို့ပြင် ၂၀၁၇ ခုနှစ် မြန်မာ့စီးပွားရေးအလားအလာများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်အချို့၏ သုံးသပ်ချက်သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဦးဝင်းအောင်**
**ဥက္ကဋ္ဌ**
**ဒဂုံ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

၂၀၁၇ ခုနှစ်မှာ အင်မတန်စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုးတက်မှုတွေရမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးစိတ်ဝင်စားနေကြတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်က တည်ရှိဆဲဥပဒေတွေနဲ့ယှဉ်ရင် နိုင်ငံသားတွေရော ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားသားတွေအတွက်ပါ ပိုပြီးကျယ်ပြန့်တဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေရှိတယ်။ လွှတ်တော်က ဥပဒေကိုအတည်ပြုပြီးပြီ။ ဒီဥပဒေကိုဖော်ဆောင်မယ့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကလည်း ၂၀၁၇ နှစ်ဆန်းပိုင်းမှာ အတည်ပြုတော့မှာဖြစ်တာကြောင့် ဒီဥပဒေပြီးပြီဆိုရင် ရင်းနှီးမြှုပ်နှံဖို့ကိုစောင့်နေကြတဲ့ပုဂ္ဂိုလ်တွေက ရင်းနှီးမြှုပ်နှံမှုကို အင်နဲ့အားနဲ့ ဝင်လာမယ်လို့ မျှော်လင့်မိတယ်။ ဒါ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ခုနစ်လတာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အနေအထားအရ ငွေကြေးရင်းနှီးမြှုပ်နှံမှု အမြောက်အမြား အသုံးပြုရမယ့် အခြေခံအဆောက်အအုံတွေတည်ဆောက်ဖို့ နိုင်ငံတကာရဲ့ အကူအညီတွေရရှိခဲ့ပြီးဖြစ်တယ်။ ရရှိခဲ့တဲ့ အကူအညီတွေကို နေရာတကျ အသုံးပြုရင် ကျွန်တော်တို့စီးပွားရေးအတွက် အထောက်အကူပြုစေမယ်။ ဒါ့ကြောင့်ရှေ့အလားအလာ အင်မတန်ကောင်းပါတယ်။

အထူးသဖြင့် အခြေခံအဆောက်အအုံတွေ ဖော်ဆောင်တဲ့အခါ ပုဂ္ဂလိကက ဖော်ဆောင်မယ့်အပိုင်း၊ နိုင်ငံတော်ကဖော်ဆောင်မယ့်အပိုင်း ဒါတွေကို စနစ်တကျခွဲခြားပြီး အကောင်အထည်ဖော်သွားမယ်လို့ ယုံကြည်ပါတယ်။ အခြေခံအဆောက်အအုံလို့ပြောရင် လျှပ်စစ်က အင်မတန်အရေးကြီးပါတယ်။ လျှပ်စစ်က နှစ်စဉ်နဲ့အမျှ လိုအပ်ချက်တွေရှိနေပါတယ်။ စီးပွားရေးကဏ္ဍတင်မဟုတ်ဘဲ လူမှုရေး၊ ပညာရေးတွေကိုလည်း အထောက်အကူပြုတယ်။ နိုင်ငံရဲ့ တစ်နံတစ်လျားမှာ လိုအပ်နေတဲ့ လျှပ်စစ်ရရှိမှုအနေအထားက စီးပွားရေး၊ လူမှုရေးအတွက် ဖော်ဆောင်သွားမယ်လို့ယုံကြည်တယ်။ ငွေကြေးတစ်ရပ်က တက်လိုက်၊ ကျလိုက်မဖြစ်သင့်ဘူး၊ မျှခြေရှိတဲ့နှုန်းထားတွေ ထုတ်ကုန်ပစ္စည်းတစ်ခုကို အထောက်အကူ ဖြစ်စေမယ့် နှုန်းထားတစ်ခုမှာ တည်ငြိမ်နေဖို့လိုပါတယ်။ ဒီလိုတည်ငြိမ်ဖို့ကိုလည်း တာဝန်သိ၊ တာဝန်ယူမှုရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ တစ်ဦးတစ်ယောက်ချင်း စီးပွားရေးလုပ်ငန်းရှင်တွေ ကုမ္ပဏီတွေအားလုံးက ငွေကြေးကိုထိခိုက်စေမယ့် ကိစ္စမျိုးကို တာဝန်သိစွာ ရှောင်ရှားတတ်ဖို့လိုပါတယ်။

**ဦးသန်းလွင်**
**အကြီးတန်းအကြံပေးအရာရှိ**
**ကမ္ဘောဇဘဏ်**

လွန်ခဲ့တဲ့ ငါးနှစ်ရဲ့စီးပွားရေးကိုပြန်ကြည့်ရင် တိုးတက်မှုနှုန်းက ပျမ်းမျှတစ်နှစ်ကို ၇ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာ့စီးပွားရေးက အောက်ခြေကနေစတာပါ။ စီးပွားရေးတိုးတက်မှုနှုန်းက GDP အရဆိုရင် ထိုင်းကိုမမီဘူး။ နိုင်ငံတော်အတိုင်ပင်ခံက နှစ် ၂၀ ကျော်တက်မယ်လို့ ပြောပါတယ်။ နှစ်တိုမဖြစ်နိုင်ဘူး။ နှစ်ရှည်နဲ့သွားမှရမယ်။ အားသာချက်အနေနဲ့ဆိုရင် မြန်မာလူမျိုးတွေက ဉာဏ်ရည်မြင့်တယ်။ သင်လွယ်တတ်လွယ်တယ်။ အလွှာအသီးသီးက ပြည်ပကိုသွားရောက် လုပ်ကိုင်နေတဲ့ မြန်မာလုပ်သားတွေရှိတယ်။ ဥပမာ တစ်ချိန်ကျရင် ပြည်တွင်းမှာ FDI နဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမယ်ဆိုရင် ဒီပြည်ပရောက်လုပ်သားတွေကို ပြန်ခေါ်လို့ရတယ်။ သင်တန်းပေးစရာမလိုတော့ဘူး။ ၂၀၁၇ ပြေီမှာ အသက်ဝင်မယ့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်က အားနည်းချက်တွေကို ပြင်ထားတယ်။ ဆွဲဆောင်မှုတွေလည်း ရှိတာကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်လာစရာအကြောင်းရှိတယ်။ ခရီးသွားဝန်ဆောင်မှုအပိုင်းမှာဆိုရင်လည်း မြန်မာနိုင်ငံအတွင်း လှပတဲ့နေရာတွေ အများကြီးရှိတာကြောင့် အစိုးရအနေနဲ့ စနစ်တကျ ဖွံ့ဖြိုးအောင် လုပ်နိုင်ဖို့လိုတယ်။

ငွေရေးကြေးရေးပိုင်းဆိုရင်လည်း ပုဂ္ဂလိကဘဏ်တွေ တိုးတက်နေတယ်။ ဒါ့ကြောင့် Sector အလိုက် ကျွမ်းကျင်တဲ့သူတွေကို သူ့နေရာနဲ့သူ အသုံးချမယ်ဆိုရင် ဒါတွေကလည်း အားသာချက်တွေပဲ။ ဒီလို အားသာချက်အလားအလာတွေရှိသလို စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်။ FDI ဝင်လာလို့ ဘာမှအကျိုးမရရင်တောင် လတ်တလော အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လာမယ်။ နည်းပညာတွေရမယ်။ ကျွမ်းကျင်မှုတွေရတယ်။ အခြားနိုင်ငံတွေကလည်း FDI နဲ့ပဲ တိုးတက်လာကြတာပဲ။ FDI Law က မပြည့်စုံသေးဘူး။ အသိဉာဏ်နဲ့မူပိုင်ခွင့် ပညာရပ်ဆိုင်ရာတွေ အပြီးမသတ်သေးဘူး။ ကွန်ဒိုဥပဒေကလည်း မပြီးပြတ်သေးဘူး။ အခုရက်ပိုင်း လူဝင်မှုကြီးကြပ်ရေးက နိုင်ငံခြားသားနဲ့ ပတ်သက်ပြီး ဥပဒေအဟောင်းတွေကို ပြန်လည်အသုံးချနေတာတွေ့ရတယ်။ ဒါတွေကလည်း ပြုပြင်ဖို့လိုတဲ့အချက်တွေပဲ။

၂၀၁၇ မှာ တိုးတက်မယ့်အလားအလာတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိနေတယ်။ စိန်ခေါ်မှုတွေကို ပြန်ကြည့်ရမယ်။ ဘာတွေ မှားခဲ့သလဲ၊ ဘာတွေ သင်ခန်းစာယူရမလဲ၊ သူများနိုင်ငံက မှားခဲ့တဲ့သင်ခန်းစာတွေကို ယူရမယ်။ ကောင်းတဲ့နမူနာတွေကိုလည်း ယူရမယ်။ ဒါဆိုရင် တိုးတက်မှု ပိုမြန်မယ်၊ လာမယ့် ၂၀၁၇ ခုနှစ်က စိန်ခေါ်ချက်တွေကို နိုင်နိုင်နင်းနင်းနဲ့ သင်ခန်းစာယူနိုင်မယ်။ ဒါကိုအခြေခံပြီး တိုးတက်အောင် ကြံဆောင်မယ်ဆိုရင် ၂၀၁၇ ခုနှစ်က အခြေခံနှစ်ဖြစ်သွားပြီ။ ၂၀၁၇ ခုနှစ်က အင်မတန်အရေးကြီးတဲ့နှစ်ဖြစ်တယ်။ တိုင်းပြည်မှာ လောလောဆယ် ပဋိပက္ခတွေလည်းရှိနေသေးတာကြောင့် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှု ပြန်ဖြစ်ထွန်းအောင် လုပ်ဖို့လိုတယ်။ နိုင်ငံတော်အတိုင်ပင်ခံ ဦးဆောင်နေတဲ့ ဒုတိယပင်လုံ ဒါကအရေးကြီးတယ်။ မျိုးဆက်သစ်တွေအတွက် တိုင်းပြည်တိုးတက်တာကို မြင်ချင်တယ်။

**ဦးကိုကိုထွေး**
**ဥက္ကဋ္ဌ**
**တော်ဝင်မိသားစုကုမ္ပဏီလီမိတက်**

၂၀၁၇ မှာ ၂၀၁၆ ထက် ပိုကောင်းလာနိုင်လိမ့်မယ်လို့ယူဆပါတယ်။ ဒါဟာလည်း လုပ်တဲ့သူတွေပေါ်မှာ မူတည်လိမ့်မယ်။ ဥပမာ မိသားစုတစ်စုမှာ စီးပွားရေးကောင်းအောင် မိသားစုအကုန်လုံးက လုပ်မှရတာပါ။ အိမ်ထောင်ဦးစီးတစ်ယောက်တည်းက ကုန်းရုန်းရှာပြီး မိသားစုက ဝိုင်းဖြုန်းနေမယ်ဆိုရင်လည်း မဖြစ်နိုင်သလို စီးပွားရေးလုပ်တယ်ဆိုတာ နိုင်ငံတစ်ခုလုံးကောင်းအောင်လုပ်မှ ရတာပါ။ စီးပွားရေးက တစ်ခုနဲ့တစ်ခုချိတ်ဆက်နေတာဆိုတော့ ဥပမာ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကျသွားတယ်ဆိုရင် အဲဒီလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့လုပ်ငန်းတွေ အကုန်လုံးကျသွားမယ်။ စိုက်ပျိုးရေးကျသွားရင် သူနဲ့ဆက်စပ်နေတဲ့အရာတွေလည်း ကျသွားမယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို အခုနိုင်ငံတော်က အရင်တုန်းကထက် ကောင်းတဲ့စနစ်တွေနဲ့ လုပ်နေတယ်။

အရင်တုန်းကတော့ လုပ်ငန်းတစ်ခု၊ ပရောဂျက်တစ်ခုလုပ်ချင်ရင် အာဏာရှိတဲ့သူကိုကပ်ပြီး လုပ်ငန်းလုပ်ခွင့်တောင်း၊ တစ်ခုချင်းချပေးနေတော့ လုပ်လို့တော့ တစ်ဖက်ကကောင်းတယ်။ ကိုယ်ပရောဂျက်ရတာနဲ့ အဆင်ပြေ၊ အောင်မြင်သွားတယ်ဆိုတာ ကိုယ့်စီးပွားရေးတော့ဖြစ်တယ်။ ဒါပေမယ့် ဒါတွေအားလုံးကို တချို့တွေက တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားတာ။ အခုကျတော့ အာဏာပိုင်အဖွဲ့အစည်းကို ကပ်စရာမလိုဘူး။ လုပ်ချင်တဲ့စီးပွားရေးကို အများကြီးချပေးလိုက်တယ်။ ဒါပေမယ့် ဘာပြဿနာတက်လာသလဲဆိုတော့ ဥပမာ ကားတွေကို ပါမစ်နည်းနည်းချင်းထုတ်ပေးတော့ ကားတွေ သူ့ဟာသူ အရောင်းအဝယ်ဖြစ်နေတယ်။ အခု ပါမစ်တွေ အများကြီးထုတ်ပေးလိုက်တော့ ကားက ဝယ်မယ့်သူ မရှိတော့ဘူး။ အပိုလည်းဝယ်မထားတော့ဘူး။ အဲဒီလိုမျိုးပေါ့။ စီးပွားရေးမှာလည်း လုပ်နည်းကိုင်နည်းက တစ်ဖက်စွန်းစီရောက်နေတယ်။ တစ်ဖက်ကညှစ်ထားတယ် အဲဒါ မကောင်းဘူး၊ တစ်ဖက်ကျတော့ အကုန်လုံးဖွင့်ချပေးလိုက်တယ်။ အဲဒါလည်း မကောင်းဘူး။ တစ်ပိုင်းချင်း၊ တစ်ပိုင်းချင်း ကောင်းလာအောင်လုပ်ရမယ်။ မျှတဲ့စီးပွားရေး မဖွံ့မပဋိပဒါပဲ ကောင်းပါတယ်။ လူတွေအများစုမှာ ပြင်သင့်တာက ကိုယ်မလုပ်တတ်ဘဲနဲ့ လုပ်တတ်တယ်။ မသိဘဲနဲ့သိတယ် ထင်နေတာလေးတွေက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှာ ဒုက္ခရောက်တာပဲ။ စီးပွားရေးမှာလည်း ဒီလိုပါပဲ။ အဓိကကတော့ စီးပွားရေး Guide Line မှန်ဖို့လိုတာပေါ့။

**ဦးရဲမင်းအောင်**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

၂၀၁၇ မှာ သတင်းကောင်းတွေကြားဖို့ မျှော်လင့်ထားသလို သတင်းဆိုးတွေ အတွက်လည်း ပြင်ဆင်ထားသင့်ပါတယ်။ စီးပွားရေးက အမြဲတမ်း အတက်အကျရှိပါတယ်။ အတက်ကြမ်း၊ အဆင်းမကြမ်းဖို့သာ အရေးကြီးပါတယ်။ ၂၀၁၇ စီးပွားရေးအလားအလာကတော့ ကမ္ဘာ့မှာရော မြန်မာမှာရော နိုင်ငံရေးက ယခင်ကထက် ပိုပြီးဦးဆောင်မယ့်သဘော တွေ့ရပါတယ်။

ဒီနေ့နိုင်ငံတော် အစိုးရအနေနဲ့ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍစုံကို ပြုပြင်ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ပြည်သူလူထုတစ်ရပ်လုံးက ကျရာကဏ္ဍကနေ နားလည်မှုရှိရှိနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် ၂၀၁၇ ခုနှစ်ဟာ ထူးခြားတဲ့နှစ် ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် ၂၀၁၇ ဒုတိယနှစ်ဝက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ နိုင်ငံတကာအထောက်အပံ့ အကူအညီတွေ ပိုမိုရရှိလာနိုင်ပြီး ၂၀၁၆ တစ်နှစ်လုံးအိပ်ပျော်နေတဲ့ မြန်မာ့စီးပွားရေး ပြန်လည်နိုးထလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ။



ဦးဝင်းအောင်



ဦးသန်းလွင်



ဦးကိုကိုထွေး



ဦးရဲမင်းအောင်

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများရောင်းချရာတွင် ဓာတုဓာတ်ကြွင်းကင်းစင်ရေးသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယနေ့လူတို့၏ နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလျက်ရှိရာ သာမန်စားသုံးမှုပုံစံထက် ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရပြည့်ဝသည့် အစားအသောက်များ ဖြစ်စေရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဂရုပြုလာကြသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များတွင် စံသတ်မှတ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာမီပြောင်းလဲကျင့်သုံးလာမည့် လွတ်လပ်သော အာဆီယံကုန်သွယ်ဖက်စနစ်တွင် အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း လွတ်လပ်စွာကုန်သွယ်နိုင်ကြမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် စိုက်ပျိုးရေးထွက်ကုန် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ တင်ပို့ရောင်းချရာ၌ အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များ ဓာတုဓာတ်ကြွင်းကင်းစင်ရေးသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

GAP စံနှုန်းများ၊ အော်ဂဲနစ်စံနှုန်းများ ကိုက်ညီသည့် ကုန်ပစ္စည်းများအနေဖြင့် ပြည်တွင်း ပြည်ပဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရောင်းချနိုင်မည့်နည်းတူ စံချိန်စံညွှန်းပြည့်မီခြင်းမရှိသော ကုန်ပစ္စည်းများအနေဖြင့် ပြည်တွင်း ပြည်ပဈေးကွက်မှ လက်မခံဘဲ ဆုံးရှုံးနစ်နာမှုများ ခံစားရနိုင်သည်ဖြစ်ရာ ယခုအချိန်သည် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ ပြောင်းလဲကျင့်သုံးရန် အချိန်အခါကောင်းလည်း ဖြစ်ပေသည်။

မြန်မာ GAP Protocol မူကြမ်းရေးဆွဲရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဌာနအကြီးအကဲများ၊ ပညာရှင်အဖွဲ့များ၊



ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားသည်။ ဆွေးနွေးပွဲတက်ရောက်လာကြသူများကလည်း မြန်မာ GAP Protocol မူကြမ်းတွင် ထည့်သွင်းသတ်မှတ်သင့်သည့်အချက်တစ်ချက်ချင်းကို သီးနှံများအလိုက် အသေးစိတ်အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ၂၀၁၆ ခုနှစ်အတွင်း ထိပ်တန်းငါးနေရာကို ဆုပ်ကိုင်နိုင်ခဲ့ကြတဲ့ ကိုရီးယားအမျိုးသားသရုပ်ဆောင်များ

**၂၀၁၆ ခုနှစ် ကိုရီးယား အနုပညာလောကအတွင်း ထိပ်တန်းနေရာကို ရယူထားတဲ့ အမျိုးသားသရုပ်ဆောင် ငါးဦးရဲ့အမည်ကို အော်လ်ကေပေ့ါ ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ဒီလိုရွေးချယ်ရာမှာ ဝင်ငွေပိုင်းရော ပရိသတ်ကြိုက်နှစ်သက်တဲ့ ဇာတ်ကားတွေမှာပါဝင်နိုင်ခဲ့မှုအပြင် ပရိသတ်နှုတ်ဖျားရေပန်းစားမှုတွေကိုပါ ထည့်သွင်းတွက်ချက်ထားပြီးမှ ဒီစာရင်းကို ထုတ်ပြန်လိုက်တာဖြစ်တယ်လို့လည်း သိရပါတယ်။ ထိပ်တန်းငါးနေရာအတွင်း ဝင်ရောက်လာသူတွေကတော့ ဆောင်ဂျွန်ကီ၊ လီမင်ဟို၊ လီဂျောင်ဆပ်၊ ကင်မ်ဆိုဟွန်းနဲ့ ဂေါင်ယိုးတို့ပဲဖြစ်ကြပြီး သူတို့အကြောင်းနဲ့ အနည်းငယ်စိမ်းသက်နေတဲ့ ပရိသတ်တွေ သိရှိနိုင်ဖို့ မျှဝေတင်ဆက်ပေးလိုက်ပါတယ်။**

## ထိပ်ဆုံးရဲ့ ထိပ်ဆုံးက ဆောင်ဂျွန်ကီ



နံပါတ်(၁)နေရာကို ရယူထားသူကတော့ ဆောင်ဂျွန်ကီဖြစ်ပြီး သူက အသက်(၃၀)ကျော်မှ မထင်မှတ်ဘဲ အခုလိုထိပ်တန်းနေရာကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ဆောင်ချန်ကွမ်တက္ကသိုလ်ကနေပြီး စီးပွားရေးစီမံခန့်ခွဲမှုပညာနဲ့ ကျောင်းပြီးထားသူဖြစ်ကာ သရုပ်ဆောင်လောကထဲ ၂၀၀၈ ခုနှစ်ရောက်မှသာ စတင်အခြေချခဲ့သူဖြစ်ပေမယ့် ၂၀၁၀ ခုနှစ်အတွင်း ပရိသတ်ကြည့်နှုန်းမြင့်မားခဲ့တဲ့ ဆောင်ချန်ကွမ်အရှုပ်တော်ပုံ ဇာတ်လမ်းတွဲနဲ့ Running Man အစီအစဉ်တွေမှာ ပါဝင်ခွင့်ရရှိခဲ့လို့ သူ့ကိုပရိသတ်တွေ ထိုက်သင့်သလောက် သတိထားမိခဲ့ပါတယ်။

ရုပ်ရှင်ကားတွေ၊ ဇာတ်လမ်းတွဲတွေထဲမှာ အများအားဖြင့် ဒုတိယမင်းသားအနေနဲ့သာ ပါဝင်ခွင့်ရရှိတဲ့ ဆောင်ဂျွန်ကီရဲ့ ကံဇာတာက ၂၀၁၆ခုနှစ်မှာတော့ လုံးဝပြောင်းလဲသွားခဲ့တယ်လို့ဆိုနိုင်ပါတယ်။ အာရှဒေသတွင်း ပေါက်ခဲ့တဲ့ DOTS လို့ လူသိများတဲ့ Descendants of the Sun ဇာတ်လမ်းတွဲမှာ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်က ဆောင်ဂျွန်ကီရဲ့နှစ်ဖြစ်သွားခဲ့ပါတော့တယ်။ ဒီဇာတ်လမ်းတွဲက ကိုရီးယားပြည်တွင်းသာမက တရုတ်နိုင်ငံလို ဈေးကွက်ကြီးတဲ့ နိုင်ငံမှာပါ ရေပန်းစားခဲ့လို့ တရုတ်ပြည်က ထုတ်လုပ်တဲ့ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်၊ ကားနဲ့ ဆက်စပ်ပစ္စည်းတွေရဲ့ ကြော်ငြာရှင်ပါဖြစ်ခဲ့တဲ့အတွက် ဆောင်ဂျွန်ကီကို "၂၀၁၆ခုနှစ်ကုန်ပစ္စည်းများရဲ့ အမှတ်တံဆိပ်" ရယ်လို့ ကိုရီးယားမီဒီယာတွေက ရေးသားခဲ့ကြတာပါ။ သူက အခုလို နာမည်တစ်ရှိန်ထိုး ကျော်ကြားလာတာကို အရှိန်မြင့်တင်ဖို့အာရှမြို့ကြီး ၁၀ မြို့ကို သွားရောက်ကာ ပရိသတ် ၆၀၀၀၀ ကျော်နဲ့လည်း တွေ့ဆုံခဲ့တာကြောင့် စီးပွားရေး အထူးပြုဘာသာရပ်နဲ့ ကျောင်းပြီးထားတဲ့ ဆောင်ဂျွန်ကီဟာ စီးပွားရေးအတတ်ပညာကိုလည်း လက်တွေ့ကျကျ အသုံးချခဲ့တယ်လို့လည်း သုံးသပ်ရပါမယ်။

## ခပ်ကျဲကျဲ အနုပညာလှုပ်ရှားမှုများနဲ့ ကင်မ်ဆိုဟွန်း



မင်းသား ကင်မ်ဆိုဟွန်းကိုတော့ မြန်မာပရိသတ်တွေ Dream High ဇာတ်လမ်းတွဲက တောသားအဖြစ် သိကြပါလိမ့်မယ်။ သူက ရုပ်ရှင်တွေထက် ဇာတ်လမ်းတွဲတွေမှာ အောင်မြင်တဲ့ မင်းသားဖြစ်ပြီး Moon Embarrassing The Sun (၂၀၁၂) My Love From The Star (၂၀၁၄)ဇာတ်လမ်းတွဲတွေမှာ ပရိသတ်အားပေးမှု အကြီးအကျယ်ရခဲ့ပြီး ကိုရီးယားအမျိုးသား သရုပ်ဆောင်တွေကြား လီမင်ဟိုနဲ့အတူ အနုပညာကြေးအမြင့်ဆုံးရတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ပေမယ့် အောင်မြင်မှုကို ထိန်းသိမ်းဖို့ ဇာတ်ကောင်စရိုက် ရွေးချယ်လွန်းတတ်သူတစ်ဦးပါ။ ဒါကြောင့် ဇာတ်လမ်းတွဲရော၊ ရုပ်ရှင်ရိုက်ကူးရာမှာပါ ခပ်ကျဲကျဲဖြစ်နေတာကြောင့် ၂၀၁၆ ခုနှစ်အတွင်းမှာတော့ ထိပ်တန်းသုံးနေရာကနေ လျော့ကျပြီး စတုတ္ထနေရာအထိ ရောက်ရှိသွားတာဖြစ်တယ်လို့ သိရပါတယ်။

မေ လဲ့ သင်း - စု စည်း သည်

## ထိပ်တန်းနေရာကို ဆယ်စုနှစ်တစ်ခုနီးပါး ထိန်းသိမ်းထားနိုင်ဆဲ လီမင်ဟို



ဒုတိယနေရာရှိ လီမင်ဟိုကိုတော့ မြန်မာပရိသတ်တွေ အထူးတလည်မိတ်ဆက်ပေးစရာမလိုလောက်အောင် သိရှိပြီးဖြစ်တာကြောင့် အသေးစိတ်မဖော်ပြတော့ပါဘူး။ လောလောဆယ် မင်းသမီးဂျန်ဂျီဟွန်းနဲ့ တွဲဖက်သရုပ်ဆောင်ထားတဲ့ Legend of The Blue Sea ဇာတ်လမ်းတွဲ ပြသနေဆဲဖြစ်သလို ၂၀၀၉ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ Boys Over Flower ဇာတ်လမ်းတွဲပြီးနောက် ခုနစ်နှစ်တာကာလအတွင်း ကိုရီးယားအမျိုးသားသရုပ်ဆောင် ထိပ်တန်းသုံးနေရာအတွင်း နှစ်တိုင်းဝင်ရောက်နိုင်တာကိုကြည့်ရင် လီမင်ဟိုရဲ့ ကာလကြာရှည်အောင်မြင်မှု ထိန်းသိမ်းထားနိုင်စွမ်းကို လေးစားရမှာဖြစ်ပါတယ်။ လီမင်ဟိုက ၂၀၁၃ ခုနှစ်အတွင်း သူရဲ့ပထမဆုံးတေးအယ်လ်ဘမ်ဖြစ်တဲ့ "My Everything"ကို ၂၀၁၃ ခုနှစ် မေလအတွင်း ဖြန့်ချိခဲ့ပြီး အောင်မြင်မှု အထိုက်အလျောက်ရရှိ ခဲ့ပါတယ်။ လက်ရှိမှာ အသက်(၂၉)နှစ်ကျော်ပြီဖြစ်သလို အမြင့်မားဆုံးအောင်မြင်မှုကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပြီး ဇာတ်ကားတစ်ကား သရုပ်ဆောင်ကြေးအမြင့်ဆုံးရရှိတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပေမယ့် ဒီနှစ်မှာတော့ ကြော်ငြာရိုက်ကူးမှုနှုန်းကျဆင်းခဲ့တာကြောင့် ဝင်ငွေအားဖြင့် မင်းသား ဆောင်ဂျွန်ကီရဲ့ ကျော်တက်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

## ရည်မှန်းချက်အတိုင်း စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ လီဂျောင်ဆပ်



၂၀၁၆ ခုနှစ်ရဲ့ ထိပ်တန်းစာရင်း တတိယနေရာမှာ ရပ်တည်နေတဲ့ မင်းသားလီဂျောင်ဆပ်က မြန်မာပရိသတ်တွေကြားသိပ်ပြီး ရေပန်းစားမှုမရှိပေမယ့် ကိုရီးယားနိုင်ငံတစ်ဝန်းမှာတော့ အမျိုးသမီးများသဲသဲလှုပ်အားပေးခံရတဲ့ မင်းသားတစ်လက်ဖြစ်ပါတယ်။ အခုမှအသက်(၂၇)နှစ်သာ ရှိသေးပေမယ့် ၂၀၀၅ ခုနှစ်လောက်ကတည်းက ရှိုးပွဲတွေမှာ စတင်ပါဝင်ခဲ့ပြီး အနုပညာလောကမှာ အောင်မြင်ဖို့ ကြိုးစားခဲ့ပေမယ့် သူနဲ့ စာချုပ်ချုပ်ခဲ့တဲ့ အနုပညာအေဂျင်စီက မင်းသားတင်ရိုက်မယ်ဆိုတဲ့ ကတိကိုဖျက်တာမျိုးလည်း ကြုံရဖူးတာကြောင့် အနုပညာလောကထဲအစောကြီးကတည်းက ရောက်နေပေမယ့် ထင်သလောက်ခရီးမပေါက်ခဲ့သူပါ။ ၂၀၁၀ ခုနှစ်ရောက်မှ Prosecutor Princess နဲ့ Secret Garden ရုပ်သံဇာတ်လမ်းတွဲတွေမှာ အရန်သရုပ်ဆောင်အဖြစ် ပါဝင်ခွင့်ရလာခြင်းနဲ့အတူ သူ့ကိုပရိသတ်တွေ စတင်သတိထားမိလာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း Doctor Stranger၊ Pinocchio ဇာတ်လမ်းတွဲတွေရဲ့ အဓိကသရုပ်ဆောင်ဖြစ်ခွင့်ရလာပြီးနောက် Hot Young Blood ရုပ်ရှင်ကို ဆက်လက်ရိုက်ကူးကာ ကိုရီးယားထိပ်တန်းသရုပ်ဆောင်(၁၀)အတွင်း ဝင်ရောက်လာနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ရုပ်ရှင်ထက်ဂီတဘက်ကို ပိုမိုစောင်းပေးနေပြီး ကြော်ငြာတွေကိုသာ အရိုက်များခဲ့ပေမယ့် ၂၀၁၆ ခုနှစ်အတွင်း W ဇာတ်လမ်းတွဲနဲ့ ဝါနာဘရားသားရုပ်ရှင်ထုတ်လုပ်ရေးအတွက် VIP ဇာတ်ကားကိုလည်း ရိုက်ကူးပြီးဖြစ်ပါတယ်။

## ရုပ်အလှထက် သရုပ်ဆောင်ပိုင်း ထူးချွန်မှုနဲ့ အောင်မြင်မှုကို ထိန်းသိမ်းနိုင်ဆဲ ဂေါင်ယိုး



ဂေါင်ယိုးကတော့ အသက်(၃၇)နှစ်ကျော်ရှိပြီဖြစ်ပေမယ့် ၂၀၁၆ခုနှစ်အတွင်း Train To Busan၊ The Age Of Shadows ရုပ်ရှင်ဇာတ်ကားနဲ့ Goblin ဇာတ်လမ်းတွဲတွေကြောင့် ထိပ်တန်းငါးနေရာအတွင်း ပြန်လည် ဝင်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ နာမည်ကြီး နိုင်ငံတကာပွဲတော်တွေဖြစ်တဲ့ ကန်းရုပ်ရှင်ပွဲတော်မှာ Train To Busan ဇာတ်ကားကို ပါဝင်ပြသခဲ့သလို တိုရွန်တိုရုပ်ရှင်ပွဲတော်မှာ The Age Of Shadows ကိုပါဝင်ပြသခဲ့တာကြောင့် ၂၀၁၆ ခုနှစ်အတွင်း ဂေါင်ယိုးရိုက်ကူးခဲ့သမျှ ဇာတ်ကားတွေအားလုံး ပေါက်ခဲ့တယ်လို့ ဆိုရမှာပါ။ ခုထုတ်လွှင့်ပြသနေဆဲ Goblin ဇာတ်လမ်းတွဲကလည်း လောလောဆယ်ကြည့်ရှုမှုနှုန်း အမြင့်ဆုံးနေရာကို ရောက်ရှိနေတာကြောင့် ဂေါင်ယိုးတစ်ယောက် ခေတ်ပြိုင်မင်းသားတွေကြားမှာ သူတစ်ဦးသာ ထိပ်တန်း(၅)နေရာအတွင်း ဝင်ရောက်နေတာဖြစ်ပါတယ်။ အခုထိပ်တန်းငါးနေရာအတွင်း ဝင်ရောက်နိုင်တဲ့ မင်းသားတွေအားလုံးထဲမှာ ဂေါင်ယိုးက အခြား မင်းသားတွေထက် အနည်းဆုံး ငါးနှစ်လောက် အသက်ကြီးသူဖြစ်ပေမယ့် သူ့ရဲ့စွယ်စုံရ အနုပညာအတတ်တွေကြောင့် အခုလို ၂၀၁၆ ခုနှစ်ရဲ့ ထိပ်တန်းငါးနေရာအတွင်း ဝင်ရောက်နိုင်ခဲ့တာလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၃၀-၁၂-၂၀၁၆(သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | Weekly Sport Info |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၅ | ဥပဒေရေးရာအဖြာဖြာ "မင်းစဉ်းစား"(ဦးစံပေါ်၊ ရဲဦး၊ဝေဖြိုးသိန်း) [ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၇၃) (ဇာတ်သိမ်း) |
| ၂း၀၅ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၂း၃၀ | မြန်မာ့လေ့ရိုးရာလက်ဖွဲ့ [ကြယ်စင်ဖြိုးနှင့်ဝတီရ) (ထိုင်း)] |
| ၂း၄၀ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၃း၀၅ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ်ဆို/ပျော် (၃)ကြိမ်ဆုရတေးသံရှင်များ၏ တေးသီချင်းများ |
| ၃း၃၀ | စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) အကြောင်း သိကောင်းစရာ (အပိုင်း-၂) |
| ၄း၃၅ | Catch Asia NEWS |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | Hyper Sport |
| ၆း၂၀ | ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်) "ဆယ့်သုံးနှစ်မလေး၊ အကယ်၍သာ" "Now I'm thirteen၊ If " (ဒါရိုက်တာ-ရှင်ဒေဝီ၊ စွမ်းရောင်နီ) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "သာယာရှုမောဖွံ့ဖြိုးဖို့ရည်မြိတ်ကျွန်းစုဒေသအလှများဆီ" (အပိုင်း-၂) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးသီချင်းများ (အပိုင်း-၂၂) -မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "မိုးနတ်သူဇာအငြိမ့်" (မင်းသမီး-သီတာဝင်း၊ လူရွှင်တော်-ဇာဂနာ၊ ချစ်စရာ၊ ပိန်ပိန်၊ ချွန်စက်) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား

**၃၀-၁၂-၂၀၁၆(သောကြာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၃၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၄၀ | ကျန်းမာသုတ |
| ၉း၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းစီးပွားရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၁း၃၅ | Sportcast |
| ၁၁း၄၅ | တပ်မတော်ဇာတ်လမ်းတို |
| ၁၁း၅၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၀၆ | တစ်ပတ်အတွင်း စာပေနှင့်အနုပညာသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ခံစားနားဆင် လက်ာဝတ်ရည်တေးသံစဉ် |
| ၄း၄၀ | သီချင်းလက်ဆောင် |
| ၄း၄၅ | Sportcast |
| ၅း၀၀ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၂၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၅း၄၅ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | "ရွှာ"ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၁၆) |

# ပင်နယ်တီကန်ချက် ဂိုးဘားတန်းပေါ်ကျော်ခဲ့သူ ဟယ်ရီကိန်း အနာဂတ်တွင် အင်န်အက်ဖ်အယ်လ် ကစားသမားဖြစ်နိုင်တယ်လို့ အရှက်ပြေပြောကြား

ဆောက်သမ်တန်နှင့် ရင်ဆိုင်ခဲ့ရသည့် ပရီမီယာလိဂ်ပွဲစဉ်တွင် စပါးအသင်းရရှိတဲ့ ပင်နယ်တီအခွင့်အရေးကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သူ ဟယ်ရီကိန်းက ပင်နယ်တီကို ဂိုးဘားတန်းပေါ် ကျော်အောင်ကန်သူ သူ့အနေဖြင့် အနာဂတ်တစ်ချိန်ချိန်တွင် အင်န်အက်ဖ်အယ်လ်အသင်းတစ်ခုသို့ သွားရောက်ကစားနိုင်သည်ဟု ပွဲအပြီးတွင် သူ၏တွစ်တာစာမျက်နှာပေါ်၌ အရှက်ပြေရေးသားခဲ့သည်။ ဟယ်ရီကိန်းက အဆိုပါပွဲစဉ်တွင် ခြေစွမ်းမပြနိုင်ခဲ့သော်လည်း အဲရစ်ဆင်ရဲ့ အလွတ်တည်ကန်ဘောကန်ချက်မှတစ်ဆင့် ခေါင်းတိုက်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည်။



ဟယ်ရီကိန်းက ပင်နယ်တီလွဲချော်ပြီးနောက် သူ၏ခြေထောက်အောက် ပင်နယ်တီကန်ရန်သတ်မှတ်ထားသည့် မြက်ခင်းပြင်ကို မယုံနိုင်သည့်ပုံစံဖြင့် ပြန်ကြည့်နေခဲ့သောကြောင့် ဆောက်သမ်တန်ပရိသတ်များ၏ လှောင်ပြောင်မှုကို ခံခဲ့ရသေးသည်။ ဗီဒီယိုအနှေးပြကွက်များအရ ပင်နယ်တီမကန်သွင်းမီ ဟယ်ရီကိန်း၏ ခြေထောက်အနေအထား အနည်းငယ်ပုံစံမကျ ဖြစ်နေသလို ပင်နယ်တီကန်သွင်းသည့် မြက်ခင်းပြင်အနေအထား (မြက်ခင်းလွှာနှင့် မြေမျက်နှာပြင်ကြား ကုတ်တွယ်မှုအားလျော့နည်းခြင်း)ကြောင့် ကန်သွင်းချက်မှာ ဂိုးဘားတန်းပေါ် အတော်များများ ကျော်ထွက်သွားခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

ဟယ်ရီကိန်းရဲ့ ယခုကန်ချက်သည် ၂၀၀၄ ယူရိုဖလားပြိုင်ပွဲအတွင်း ဒေးဗစ်ဘက်ခမ်း၏ ပင်နယ်တီကန်သွင်းချက်ကိုပင် ပြန်ပြောင်း အမှတ်ရစေသည်ဟု မီဒီယာများက လှောင်ပြောင်ရေးသားကြသလို အချို့သော ပရိသတ်များက ဟယ်ရီကိန်းကန်လိုက်သော ဘောလုံးကို လပေါ်တွင် သွားကောက်ခဲ့ရသည် စသဖြင့် အမျိုးမျိုးလှောင်ပြောင်ကာ မှတ်ချက်ပြုရေးသားခဲ့ကြသည်။

အဆိုပါ ပွဲစဉ်မှာ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့ကာ ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရက်ဒ်မန်ကို တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ခဲ့သည့် ဒိုင်ဖြစ်သူ မိုက်ခ်ဒင်ရဲ့ ဆုံးဖြတ်ချက်သည်လည်း အငြင်းပွားစရာဖြစ်ခဲ့သည်။ ၁၀ ယောက်ကျန် ဆောက်သမ်တန်အနေဖြင့် လက်ကျန်ပွဲစဉ်များတွင် စပါးအသင်းကိုမယှဉ်နိုင်ခဲ့ဘဲ ဆွန်ဟောင်မင်နှင့် အယ်လီတို့သွင်းဂိုးများကို ဆက်တိုက်ခွင့်ပြုခဲ့ရပြီးနောက် ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ သို့သော် ဆောက်သမ်တန်တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေချိန် စပါးဗဟိုခံစစ်မှူး ဗာတိုဂန်က ဆောက်သမ်တန်တိုက်စစ်မှူး ရိုဒရီဂွက်ဇ်၏ မျက်နှာကို လက်ဖြင့်ရိုက်ခဲ့သောကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ကျခံရန်ရှိနေကြောင်းလည်း သိရသည်။ **(ရွှေဝင်ယန်ဟေဒင်)**

## ကစားသမားဘဝမှ အနားယူပြီဟု အန်နာအိုင်ဗန်နိုဗစ် ကြေညာ

အသက်(၂၉)နှစ်အရွယ်ရှိ အိုင်ဗန်နိုဗစ်က သူ့အနေဖြင့် တင်းနစ်ကစားခြင်းမှ အနားယူပြီဟု ဒီဇင်ဘာ ၂၈ ရက် တွင်သူ၏ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် အတည်ပြုကြေညာလိုက်ပြီဖြစ်သည်။ သူသည် ယခုနှစ်နွေရာသီအတွင်း မန်ယူကွင်းလယ်လူ ရှဝိန်းစတိုင်ဂါနှင့် လက်ထပ်ခဲ့ပြီး ငါးလအကြာတွင် တင်းနစ်ကစားခြင်းမှ အနားယူမည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

အိုင်ဗန်နိုဗစ်သည် ၂၀၀၈ ခုနှစ်အတွင်း ပြင်သစ်အိုးပင်းနှင့် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်ဇွန်လတွင် ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိခဲ့သူဖြစ်သည်။

ကစားသမားဘဝမှ အနားယူမည်ဟု မကြေညာမီကပင် "ကျွန်မကို အားပေးတဲ့ ပရိသတ်တွေအားလုံးကို မနက်ဖြန် ပြိတိန်စံတော်ချိန် ညနေ ၆ နာရီမှာ အရေးကြီးတဲ့ အကြောင်းအရာတစ်ခုကို မျှဝေသွားဖို့ရှိပါတယ်"ဟု အရိပ်အမြွက်ရေးသားခဲ့ပြီးနောက် ၂၄နာရီအတွင်းမှာပင် "ကျွန်မက ကိုယ်ပိုင်စံနှုန်းတစ်ခုသတ်မှတ်ထားတဲ့သူဖြစ်ပြီး ဒီနှုန်းကိုမှ လိုက်မီအောင် မစွမ်းဆောင်နိုင်တော့ဘူးဆိုရင်တော့ အပြောင်းအလဲတစ်ခု ဖော်ဆောင်ရပါမယ်"ဟု ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ဗီဒီယိုဖိုင်တင်၍ ကစားသမားဘဝမှ အနားယူမည့်အကြောင်းကို ကြေညာခဲ့ခြင်းဖြစ်သည်။



အိုင်ဗန်နိုဗစ်သည် ဒဏ်ရာပြဿနာများကြောင့် အကောင်းဆုံးပုံစံတစ်ရပ် ပျောက်ဆုံးနေခဲ့သူဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း ၁၅ ပွဲသာ အနိုင်ကစားနိုင်ခဲ့ပြီးနောက် ဇွန်လအတွင်း ကမ္ဘာ့အဆင့် ၆၃ အထိ ကျဆင်းသွားခဲ့သည်။ ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းတွင် ငါးပွဲဆက် အရေးနိမ့်ခဲ့ပြီးနောက် အိုင်ဗန်နိုဗစ် တင်းနစ်လောကမှ အနားယူတော့မည်လားဟူသော မေးခွန်းများ ထွက်ပေါ်လာသေး သော်လည်း ယင်းကိစ္စရပ်မှာ စိတ်ကူးထဲတွင် လုံးဝမရှိသေးသည့် အကြောင်းဖြစ်သည်ဟု တုံ့ပြန်ခဲ့ပြီး လေးလအကြာမှာပင် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

**(ရွှေဝင်ယန်ဟေဒင်)**

# လီဗာပူးကို အကောင်းဆုံးတုံ့ပြန်ကစားမယ့် မန်စီးတီး

**ပရီမီယာလိဂ်ပွဲစဉ် ၁၉ ကို လာမယ့် ဒီဇင်ဘာလ ၃၁ နဲ့ ဇန်နဝါရီ ၁ ရက်နေ့တို့မှာ ဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ လီဗာပူးနဲ့ မန်စီးတီးတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့လည်း နိုင်ပွဲရမလားဆိုတာစောင့်ကြည့်သွားရဖွယ်ရှိတယ်။**

**ပရီးမီးယားလိဂ်ရင်ခုန်သံ - ၁၉**

**ဟားလ် - အဲဗာတန် | နံနက် ၂း၃၀ (၃၁-၁၂-၁၆)**

ဟားလ်စီးတီးအသင်းက နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ရလဒ်ပိုင်းမဆိုးဘူးဆိုပေမယ့် ဒီပွဲမတိုင်ခင် မန်စီးတီးနဲ့ရက်သိပ်မခြားဘဲ ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ အဲဗာတန်ကလည်း လက်စတာနဲ့ ရင်ဆိုင်ခဲ့ရလို့ပွဲပန်းလာနိုင်ပေမယ့် နောက်ပိုင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ မဆိုးဘူး။ ဒါပေမယ့် အဲဗာတန်ရဲ့ တိုက်စစ်ကတော့အဝေးကွင်းမှာ အားနည်းမှုရှိတယ်။ ဒါကြောင့်လည်း ဟားလ်တို့ အခွင့်အရေးရနိုင်ကာ သရေလောက်ရမယ်။

**ဘန်လေ - ဆန်းဒါးလန်း | ည ၉း၃၀ (၃၁-၁၂-၁၆)**

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ဆန်းဒါးလန်းက နောက်ပိုင်းပွဲတွေမှာ ရုန်းအားမဆိုးဘူးဆိုပေမယ့် အဝေးကွင်းမှာတော့ ရုန်းကန်နေရဆဲဖြစ်တာကြောင့် အိမ်ကွင်းမှာ ကစားပုံကောင်းမွန်တတ်တဲ့ ဘန်လေကိုဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဘန်လေရဲ့ တိုက်စစ်ကလည်း အိမ်ကွင်းမှာကစားအားမဆိုးဘူး။ ဒါကြောင့်လည်း ဆန်းဒါးလန်းရဲ့ အားနည်းနေတဲ့ခံစစ်ပိုင်းကို ဘန်လေတို့ ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ဆန်းဒါးလန်းတို့ အမှတ်ရရှိဖို့အားစိုက်လာမှာဖြစ်ပေမယ့် ဘန်လေကသာ ကပ်နိုင်ခြေရှိပါတယ်။

**ချယ်လ်ဆီး - စတုတ် | ည ၉း၃၀ (၃၁-၁၂-၁၆)**

ချယ်လ်ဆီးဟာ အကောင်းဆုံးခြေစွမ်းရရှိနေသလို ခံစစ်ကလည်း မာကျောမှုရှိတာကြောင့်အဝေးကွင်းမှာကစားပုံသာမန်သာရှိတဲ့ စတုတ်တိုက်စစ်ကို အခက်တွေ့စေမှာပါ။ ဒီယေဂိုကော်စတာ ပြန်လည်ပါဝင်လာမယ့် ချယ်လ်ဆီးတိုက်စစ်ကတော့ စတုတ်ခံစစ်ကို ဖိအားပေးနိုင်မှာဖြစ်ပြီး စတုတ်ဟာဒီပွဲမကစားခင် လီဗာပူးနဲ့ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တာကိုပါ သတိပြုရမယ်။ ချဲလ်ဆီးသာ နိုင်ပွဲရသွားမယ့်ပွဲပါ။

**လက်စတာ - ဝက်စ်ဟမ်း | ည ၉း၃၀ (၃၁-၁၂-၁၆)**

လက်စတာအသင်းက အိမ်ကွင်းမှာရလဒ်ကောင်းရရှိဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမရှိတာကြောင့် ဝက်စ်ဟမ်းကို ဖိအားပေးနိုင်ဖို့ခက်တယ်။ တိုက်စစ်မှူးဗာဒီပါဝင်နိုင်မှာမဟုတ်လို့ လက်စတာရဲ့ တိုက်စစ်ပိုင်းအားနည်းလာနိုင်တာကို သတိပြုရမယ်။ ဝက်စ်ဟမ်းကတော့ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်။ ဒါပေမယ့် အဝေးကွင်းရုန်းကန်နေရတာမို့ ဒီပွဲမှာ ဝက်စ်ဟမ်းအမြင့်ဆုံး သရေသာရနိုင်တယ်။

**မန်ယူ - မစ်ဒယ်ဘရော့ | ည ၉း၃၀ (၃၁-၁၂-၁၆)**

မန်ယူအသင်း ခြေစွမ်းကောင်းမွန်နေသလို အိမ်ကွင်းမှာလည်း ကစားပုံထက်မြက်မှုရှိတယ်။ မန်ယူရဲ့တိုက်စစ်ပိုင်း ကောင်းမွန်နေတယ်ဆိုပေမယ့် အသင်းကြီးအများစုကို အခက်တွေ့စေခဲ့တဲ့ မစ်ဒယ်ဘရော့ ခံစစ်ကိုပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ရုန်းကန်ရမှာပါ။ ဒါပေမယ့်လည်း နောက်ပိုင်းပွဲတွေမှာ မစ်ဒယ်ဘရော့ရဲ့ အသင်းလိုက်ခြေစွမ်းပိုင်းအားနည်းနေလို့ မန်ယူကသာတစ်ဂိုးအသာနဲ့အနိုင်ရသွားမှာပါ။

**ဆောက်သမ်တန် - ဝက်စ်ဘရွန်း | ည ၉း၃၀ (၃၁-၁၂-၁၆)**

ဆောက်သမ်တန်ရဲ့ အိမ်ကွင်းရုန်းအားမဆိုးသလို ခံစစ်ကလည်း မာကျောမှုရှိတယ်။ တိုက်စစ်က ထိုးဖောက်ကစားအားကောင်းပေမယ့် အဆုံးသတ်ပိုင်းအားနည်းမှုရှိနေတယ်။ ဝက်စ်ဘရွန်းကလည်း အဝေးကွင်းမှာကစားပုံသာမန်သာရှိတယ်။ ဒါပေမယ့် နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ ဝက်စ်ဘရွန်းအသင်းရဲ့ခံစစ်ကစားပုံမဆိုးဘူး။ အိမ်ကွင်းမှာ ဆောက်သမ်တန်တစ်ဂိုးအသာနဲ့အနိုင်ရသွားမယ်လို့ သုံးသပ်မိတယ်။

**ဆွမ်ဆီး - ဘုန်းမောက် | ည ၉း၃၀ (၃၁-၁၂-၁၆)**

တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ဆွမ်ဆီးရဲ့ အသင်းလိုက်ခြေစွမ်းပိုင်းထက်မြက်နေသလိုတိုက်စစ်ကလည်းနောက် ဆုံးအိမ်ကွင်းနှစ်ပွဲမှာ ရှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့အထိ ထက်မြက်မှုရှိနေတယ်။ ဘုန်းမောက်ရဲ့ခြေစွမ်းကတော့ သာမန်သာရှိတာမို့အဝေးကွင်းမှာ ဆွမ်ဆီးကို ခြေစွမ်းအသာနဲ့ ကစားနိုင်ဖို့ခက်တယ်။ ဘုန်းမောက်ရဲ့တိုက်စစ်နဲ့ခံစစ်ကလည်း အဝေးကွင်းမှာအားနည်းမှုရှိတယ်။ ဆွမ်ဆီးတို့ နိုင်ပွဲရဖို့အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းနိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။

**လီဗာပူး - မန်စီးတီး | နံနက် ၀၀း၀၀ (၁-၁-၁၇)**

လီဗာပူးဟာ အခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အသင်းကြီးတွေနဲ့ဆုံတွေ့မှုတွေမှာရလဒ်ကောင်းမွန်ခဲ့သလို အိမ်ကွင်းမှာ စွမ်းဆောင်ရည်လည်း ထက်မြက်မှုရှိနေတယ်။ ဒါပေမယ့် မန်စီးတီးကလည်း အသင်းလိုက် ရုန်းအားကောင်းမွန်မှုရှိသလို ဒီပွဲမှာ အဂူရိုပြန်လည်ပါဝင်လာမှာမို့တိုက်စစ်ပိုင်း ထက်မြက်လာနိုင်တယ်။ သရေရလဒ်သာ ထွက်ပေါ်လာနိုင်တယ်။

**ဝက်ဖို့ဒ် - စပါး | ည ၇း၀၀ (၁-၁-၁၇)**

ဝတ်ဖို့ဒ်ရဲ့အိမ်ကွင်းအားမဆိုးသလိုတိုက်စစ်ကလည်း အိမ်ကွင်းမှာ ပိုမိုထက်မြက်မှုရှိနေတယ်။ ဒါပေမယ့်နောက်ပိုင်းပွဲတွေမှာ ခံစစ်ကအနည်းငယ်အားနည်းမှုရှိတယ်။ စပါးကအဝေးကွင်းမှာ အသင်းလိုက် ရုန်းအားကောင်းပေမယ့် တိုက်စစ်ကအကောင်းဆုံးပုံစံရရှိဖို့ ရုန်းကန်နေရတာကို သတိပြုရမယ်။ ဝက်ဖို့ဒ်ရဲ့ရုန်းအားကြောင့် စပါးစ်အသင်း ရုန်းကန်ရနိုင်ပေမယ့်စပါးကသာ တစ်ဂိုးအသာနဲ့သာ အနိုင်ရသွားမယ်လို့မြင်မိတယ်။

**အာဆင်နယ် - ပဲလေ့စ် | ည ၁၀း၃၀ (၁-၁-၁၇)**

အိမ်ကွင်းရုန်းအား ကောင်းမွန်တဲ့အာဆင်နယ်အနေနဲ့ အဝေးကွင်းခြေစွမ်းအားနည်းတဲ့ ပဲလေ့စ်ကိုအနိုင်ယူနိုင်ဖို့ အားစိုက်လာမှာပါ။ အာဆင်နယ်ရဲ့တိုက်စစ်ကလည်းအိမ်ကွင်းမှာ ထက်မြက်မှုရှိနေတယ်။ ပဲလေ့စ်ရဲ့တိုက်စစ်ကနောက်ပိုင်းအဝေးကွင်းပွဲတွေမှာ ဂိုးသွင်းခြေရနေပေမယ့် ခံစစ်ပိုင်းအားနည်းသလို အသင်းလိုက်ကစားပုံလည်း သာမန်သာရှိတယ်။ မန်နေဂျာသစ်လက်ထက်မှာ ရလဒ်ကောင်းဖို့အတွက် ပဲလေ့စ်တို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အာဆင်နယ်ကသာ နှစ်ဂိုးအသာနဲ့နိုင်မှာပါ။

**ရှိုင်းမင်းမင်းရေးသားသည်။**

# မြန်မာ့စီးပွားရေး စဉ်ဆက်မပြတ် သိသိသာသာတိုးတက်လာစေဖို့

(ယမန်နေ့မှအဆက်)

ခ ဒေါက်တာမောင်အောင်

နိုင်ငံတကာယှဉ်ပြိုင်နိုင်မှုညွှန်းကိန်း (international competitiveness index) နှင့် အဂတိဖြစ်နိုင်ချေညွှန်းကိန်း (corruption perception index) တို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပေါင်းစပ်ကာ တစ်ချိုးတည်းဖြစ်စေရန် လုပ်ဆောင်စေခြင်းဖြင့် ပြည်ပလုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များပေါင်းစည်းရေး ပိုမိုအားပေးနေသလို ယခင်ကထက် အာမခံချက်နှင့် ဆွဲဆောင်မှုများပါရှိသဖြင့် FDI လုပ်ငန်းကြီးများ ပိုမိုစီးဝင်လာနိုင်ပေသည်။ အလေးထားရမည့်အချက်မှာ ဆွဲဆောင်မှုပေးသည့်နည်းလမ်း (incentive method) ထက် အလှအပရှိမှု (beauty contest) ဟုခေါ်သည့် ကိုယ်တိုင်တည်ဆောက်ထားရမည့် အခြေခံအဆောက်အအုံများ (infrastructure) နှင့် ကျွမ်းကျင်သည့်လူ့စွမ်းအားအရင်းအမြစ်တို့ကိုလည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ အခြားအရေးကြီးသည့်အချက်မှာ FDI လုပ်ငန်းကြီးအား လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ချက်ချင်းဖြေရှင်းပေးနိုင်သည့် One stop service ကဲ့သို့ အဖွဲ့အစည်းမျိုးလည်း အထူးလိုအပ်ပေသည်။

**GSC နှင့် ဆက်စပ်နေသည့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ**

ယနေ့မြန်မာနိုင်ငံအနေအထားသည် ဆိုခဲ့သည့်အတိုင်း တစ်ကမ္ဘာလုံး၏ပေါင်းစည်းမှု အကောင်းဆုံးအချိန်ဖြစ်သည့်အပြင် မဟာဗျူဟာကျသည့် တည်နေရာ၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမှု၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု၊ ကင်းလွတ်လာခြင်းနှင့် GSP ပြန်လည်ရရှိမှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကြောင့် စီးပွားရေးပေါင်းစည်းမှုအခွင့်အလမ်းများ တစ်နေ့တခြားတိုးပွားနေပြီဖြစ်သည်။ လက်တွေ့မျက်မြင်အခြေအနေများအရ အခွင့်အလမ်းကောင်းများရှိနေသလို စီးပွားရေးသီအိုရီသဘောတရားများအရ သုံးသပ်လျှင်လည်း GSC နှင့် ဆက်စပ်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်စေရေး အားပေးနေကြောင်းတွေ့ရသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံလုပ်ငန်းကြီးများစရိတ်သက်သာသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်ရာတွင် အရေးပါဆုံးစရိတ်မှာ လုပ်သားစရိတ် (သို့မဟုတ်) လုပ်ခသက်သာမှုကို ပထမဦးစားပေးလေ့ရှိသည်။ ဂျပန်စီးပွားရေးပါမောက္ခ အာကာမက်ဆု (Akarmatsu) ၏ပျံသန်းနေသည့်ငန်းပုံစံ (flying geese Model) အရမူ နိုင်ငံတကာလုပ်ငန်းကြီးများ ကမ္ဘာအရပ်ရပ်သို့ ရွှေ့ပြောင်းထုတ်လုပ်ရာတွင် လုပ်သားစရိတ် (လုပ်ခ) သက်သာမှုအပေါ်မူတည်ကြောင်း ထုတ်ဖော်ခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခမှာ US$ ၇၀ ဝန်းကျင်သာရှိသည့်အတွက် အာရှတွင် အသက်သာဆုံးထဲ၌ရှိသေးသည့်အတွက် လုပ်ခဆွဲဆောင်မှု အားကောင်းနေဆဲပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း (global financial crisis) နောက်ပိုင်း ကမ္ဘာ့စီးပွားရေး ထိုင်းမှိုင်းသည့်ကာလများ ကြုံတွေ့ခဲ့ရပြီး ဥရောပကြွေးမြီပြဿနာကလည်း ၂၀၁၂ ခုနှစ်အထိ ကမ္ဘာ့စီးပွားရေး အခြေယိုင်ခဲ့ရသည်။ ကမ္ဘာတစ်ဝန်းလုံးစီးပွားရေး အကျပ်အတည်းကာလပင်ဖြစ်လင့်ကစား အာရှနိုင်ငံ (၃) နိုင်ငံဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားတို့၏ စီးပွားရေးတိုးတက်မှုအများဆုံးဖြစ်ခဲ့သလို ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ အဓိကမျက်စိကျသည့် ရွှေတြိဂံနယ်မြေသစ် (new golden triangle) အဖြစ် အသိများခဲ့သည်။ ယခုအခါ အဆိုပါ (၃) နိုင်ငံစလုံး၏ စီးပွားရေးတိုးတက်နှုန်းများ ပြန်လည်လျော့နည်းခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင်မူ အာရှရပ်ဝန်းသည် ဥရောပ၊ တောင်အမေရိက၊ အာဖရိကဒေသများထက် သာလွန်ကောင်းမွန်နေဆဲပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဒေသဆိုင်ရာအကျိုးကျေးဇူး (location advantage) အရမူ မြန်မာနိုင်ငံ၏အနေအထားသည် အာရှနိုင်ငံများအကြား ထိပ်တန်းအဆင့်တွင် ရှိနေကြောင်းတွေ့ရသည်။ အထူးသဖြင့် new golden triangle ဟုခေါ်သည့် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ (၃) နိုင်ငံ၏ အလယ်တည့်တည့်တွင် မြန်မာနိုင်ငံတည်ရှိနေသလို သမုဒ္ဒရာကြီး နှစ်စင်း၏ ဖြတ်လမ်းအဖြစ်တည်ရှိနေမှု၊ ဒေသဆိုင်ရာ ဆက်သွယ်ရမည့်လမ်းကြောင်းများ ကောင်းလာမှုတို့ကြောင့် ယူနန်ပြည်နယ်အပါအဝင် မဟာမဲခေါင်ဒေသ၌ ကုန်းတွင်းပိတ်နိုင်ငံများအတွက် ပင်လယ်ထွက်ပေါက်ဖြစ်လာနိုင်မှု၊ တောင်ဘက် အာရှလမ်းမကြီးပေါ်ပေါက်လာမှုကြောင့် မကြာမီ တောင်တရုတ်ပင်လယ်တစ်ဝိုက်ရှိ နိုင်ငံများ၏ ပင်လယ်ထွက်ပေါက်လည်း ဖြစ်လာတော့မည်။ ဆိုလိုသည်မှာ အာရှ၏ မဟာဗျူဟာကျသည့် မြန်မာနိုင်ငံ၏တည်နေရာသည် ဒေသဆိုင်ရာသယ်ယူပို့ဆောင်ရေးထောက်ပံ့ဗဟိုဌာန (regional logistic hub) ဖြစ်လာတော့မည်ဖြစ်၍ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အပံ့ပြုနေပေသည်။ အာရှတွင်မြန်မာနိုင်ငံ၏ အရွယ်အစားနဲ့လူဦးရေသည် အလယ်အလတ်အဆင့်ရှိနေပြီး အာဆီယံနိုင်ငံ (၁၀) နိုင်ငံအနက် ကုန်းမြေတစ်ဆက်တည်း အကျယ်ပြန့်ဆုံးနိုင်ငံလည်းဖြစ်သည်။ ထို့အတွက် မြေပေါ်မြေအောက်ထုတ်ယူ မသုံးခဲ့ရသေးသည့် သဘာဝသယံဇာတများစွာရှိနေသေးသလို အသက်အရွယ်အလိုက် လူဦးရေဖြန့်ကြက်မှုတွင်လည်း အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစားများစွာရှိနေသေးပေသည်။ အသုံးမပြုရသေးသည့် သယံဇာတနဲ့ လူ့စွမ်းအားအရင်းအမြစ်များ (Untapped resources) ရှိနေသေးသည့်အတွက် အပိုရရှိနိုင်မှုသီအိုရီ (vent for surplus) အရလည်း စရိတ်များစွာမကုန်ဘဲ ထုတ်လုပ်မှုတန်ဖိုး သိသာစွာမြှင့်တင်နိုင်သေးကြောင်း တွေ့ရသည်။

နိုင်ငံတကာလုပ်ငန်းကြီးများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နေသည့်အချက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ရရှိထားသည့် အထူးအခွင့်အရေးများကြောင့်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးလုပ်ကိုင်ခြင်းဖြင့် မူရင်းနိုင်ငံ C.O (country of origin) ရှိခြင်းဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ကုန်သွယ်မှုအထူးအခွင့်အရေးဖြင့် တင်ပို့နိုင်ခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေ GSC တွင် ဆက်စပ်နေသည့် နိုင်ငံတကာလုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပြီဖြစ်သည်။

> မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ ထုတ်လုပ်မှုလမ်းကြောင်းထဲသို့ ထဲထဲဝင်ဝင် အများဆုံးပေါင်းစည်းစေမည့်နေရာမှာ ရန်ကုန်ဝန်းကျင်ဖြစ်၍ တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကဝင်ရိုး (growth pole) ပင်ဖြစ်. . .

**နိုင်ငံတကာလုပ်ငန်းကြီးများစုစည်းရာ (သို့) တိုးတက်မှုဗဟိုဝင်ရိုး (Growth Pole) များ**

GSC နှင့်ဆက်စပ်နေသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်ရာတွင် နိုင်ငံအလိုက် လုပ်ခစရိတ်သက်သာမှုကို အခြေပြုသော်လည်း နိုင်ငံတကာနှင့် ဆက်သွယ်ထုတ်လုပ်ရသောကြောင့် ပင်လယ်ဆိပ်ကမ်းနဲ့ အနီးဆုံးဆက်သွယ်နိုင်မှုသည် အထူးအရေးပါပေသည်။ ပင်လယ်ဆိပ်ကမ်းအနီးတစ်ဝိုက်တွင်သာ GSC နှင့်ဆက်စပ်သည့် နိုင်ငံတကာထုတ်လုပ်မှုလုပ်ငန်းများ (သို့) စက်မှုလုပ်ငန်းများ တစ်စုတစ်စည်းတည်းတည်ရှိမှု (industrial agglomeration) ကြောင့်လည်း မြန်မာနိုင်ငံအတွက် FDI လုပ်ငန်းကြီးများ ဦးတည်လာမည့်နေရာများကို ဖော်ထုတ်ပြီး အဘက်ဘက်မှ အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ လက်ငင်းကာလတို (၅) နှစ် အတွင်း GSC နှင့်ဆက်စပ်နေသည့် နိုင်ငံတကာထုတ်လုပ်မှုလုပ်ငန်းကြီးများ အဓိကဦးတည်နေသည်မှာ ရန်ကုန်ပတ်ဝန်းကျင်ဧရိယာပင်ဖြစ်သည်။ ကာလလတ်တွင်မူ ဆိပ်ကမ်းများပြီးစီးခဲ့လျှင် ထားဝယ်နှင့် ကျောက်ဖြူဝန်းကျင်၊ ပင်လယ်ဆိပ်ကမ်းဖြစ်နိုင်ချေရှိသည့် ပုသိမ်၊ မော်လမြိုင်ဝန်းကျင်များ၊ ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းဆုံရာဖြစ်သည့် မန္တလေးဝန်းကျင်တို့သည် မြန်မာနိုင်ငံအတွက် ကာလလတ်တွင်တိုးတက်မှုဝင်ရိုးများ ဖြစ်လာနိုင်ပေသည်။

ရန်ကုန်ဝန်းကျင်ကို ဘာကြောင့် FDI လုပ်ငန်းကြီးများ ကြိုက်နှစ်သက်သလဲဆိုသည့်အချက်မှာ ဖော်ပြခဲ့သည့် စရိတ်သက်သာမှု (၃) မျိုးစလုံးတွင် ရန်ကုန်ဝန်းကျင်သည် အကောင်းဆုံးဖြစ်သလို ပင်လယ်ဆိပ်ကမ်းထွက်ပေါက်ရှိနေခြင်းက အထူးဆွဲဆောင်မှုတစ်ရပ်ဖြစ်ပေသည်။ လက်ရှိအခြေအနေတွင်လည်း FDI လုပ်ငန်းကြီးများ တစ်ဝက်ကျော်သည် ရန်ကုန်ဝန်းကျင်တစ်ဝိုက်သာ ဇောက်ချလုပ်ကိုင်နေသလို မကြာမီဝင်ရောက်လာတော့မည့် GSC နှင့်ဆက်စပ်နေသည့် ထုပ်လုပ်မှုလုပ်ငန်းကြီး အစုလိုက်အပြုံလိုက် စုစုစည်းစည်းလာရောက် ရင်းနှီးမြှုပ်နှံထုတ်လုပ်မည့်နေရာသည်လည်း ရန်ကုန်မြို့၏ မိုင် ၅၀ ဝန်းကျင်ဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းဝန်းကျင်နေရာများပင်ဖြစ်သည်။ globalization ခေတ် GSC နှင့်ပေါင်းစည်းခြင်းအတွက် စံနှုန်းများနှင့်ကိုက်ညီသည့်နေရာသည် ရန်ကုန်ဝန်းကျင်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းထဲသို့ ထဲထဲဝင်ဝင် အများဆုံးပေါင်းစည်းစေမည့်နေရာမှာ ရန်ကုန်ဝန်းကျင်ဖြစ်၍ တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကဝင်ရိုး (growth pole) ပင်ဖြစ်သည်။ ဒေသကိုအခြေခံသည့် တိုးတက်ဖွံ့ဖြိုးမှု (spatial development) ကို ဦးစွာဖော်ဆောင်စေပြီး ၎င်းမှတစ်ဆင့် trickle down ဟုခေါ်သည့် အခြားဒေသများသို့ ဆင့်ပွားတိုးတက်ဖွံ့ဖြိုးမှု၊ တစ်နည်းအားဖြင့် spill over effect ဖိတ်လျှံအကျိုးသက်ရောက်မှုဟုခေါ်သည့် အခြားဖွံ့ဖြိုးမှုနည်းသည့်ဒေသများသို့ ပျံ့နှံ့အကျိုးရှိစေမှုမှတစ်ဆင့် တိုင်းပြည်၏စီးပွားရေး သိသိသာသာတိုးတက်လာမည်ဖြစ်သည်။

**တိုးတက်မှုဝင်ရိုးနေရာများအတွက်ပြင်ဆင်ကြစို့**

ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းနှင့် ဆက်နေသည့် FDI လုပ်ငန်းကြီးများ အများဆုံးရင်းနှီးမြှုပ်နှံထုတ်လုပ်မှုပြုလိုသည့်နေရာမှာ ရန်ကုန်ဝန်းကျင်သာဖြစ်ပြီး အခြားအရေးပါသည့်နေရာမှာ ထားဝယ်၊ မော်လမြိုင်၊ ပုသိမ်၊ ကျောက်ဖြူ၊ မန္တလေးဒေသအသီးသီးဖြစ်သော်လည်း လက်ငင်းကာလအတွင်း အထူးဦးစားပေးပြင်ဆင်ရမည့်နေရာမှာ ရန်ကုန်ဝန်းကျင်ပင်ဖြစ်သည်။ အစိုးရအနေဖြင့် နိုင်ငံတကာလုပ်ငန်းကြီးများ လုပ်သာကိုင်သာရှိမည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရမည်ဖြစ်သည်။ ဆွဲဆောင်မှုရှိပြီး နိုင်ငံတကာနှင့်လည်း လိုက်လျောညီထွေဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေသည် လိုအပ်သလို လက်တွေ့လုပ်ဆောင်ရာတွင် FDI လုပ်ငန်းကြီးများ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း အမြန်ဆုံးဖြေရှင်းပေးရမည်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတကာ FDI လုပ်ငန်းကြီးများအတွက် မြေပြင်အခြေအနေတွင် အဆင်မပြေမှုများအနက် အကြီးမားဆုံးအခက်အခဲမှာ စက်ရုံတည်ဆောက်ရန် (သို့မဟုတ်) ငှားရမ်းလုပ်ကိုင်ရန်အတွက် မြေ၊ စက်ရုံနှင့် အဆောက်အအုံတို့၏ ဈေးနှုန်းများနှင့် ငှားရမ်းခများ အထူးမြင့်မားနေခြင်းပင်ဖြစ်သည်။ အကယ်၍ ရန်ကုန်ဝန်းကျင် တစ်ဝိုက်သာ ဗီယက်နမ်နှင့် တရုတ်နိုင်ငံကဲ့သို့ ဈေးနှုန်းသက်သက်သာသာဖြစ်စေပြီး အခြားလိုအပ်သည့် အခြေခံအဆောက်အအုံ (infrastructure) ပိုင်းဖြစ်သည့် လျှပ်စစ်၊ ဆက်သွယ်ရေးလမ်းကြောင်းများ စသည်တို့ကို အတော်အသင့်ပြည့်စုံအောင်လုပ်ဆောင်နိုင်လျှင် အချိန်တိုအတွင်း နိုင်ငံတကာလုပ်ငန်းကြီးများ သိသိသာသာတိုးပွားလာမည်ဖြစ်သည်။ တိုးတက်မှုဗဟိုဝင်ရိုးများတွင် အထူးစီးပွားရေးဇုန်သစ်များ၊ ကုန်သွယ်ရေးဇုန်များ ဖော်ထုတ်ကာ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အချောမွေ့ဆုံးနှင့် အမြန်ဆုံးလုပ်ဆောင်နိုင်ရန် စီစဉ်ပေးရမည်ဖြစ်သည်။ ထို့ပြင် GSC နှင့်ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ ထွန်းကားလာစေရန်အတွက် တွန်းအားပေးသည့် ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ပြည်တွင်းလုပ်ငန်းများအား GSC နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပမာအားဖြင့် နည်းပညာမြင့်မားပြီး အရင်းအနှီးပမာဏများလွန်းသောလုပ်ငန်းကြီးများမှအပ ကျန်လုပ်ငန်းများတွင် ပြည်တွင်းနှင့် ပြည်ပ အကျိုးတူပူးပေါင်းလုပ်ဆောင်စေခြင်းကို အားပေးရမည်။ ထို့အတူ ပြည်တွင်းလုပ်ငန်းရှင်အား နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ပေါင်းစည်းနိုင်ရေးအတွက် ကန်ထရိုက်စနစ် (သို့မဟုတ်) တစ်ဆင့်ခံကန်ထရိုက် (sub-contract) အဖြစ်လည်းကောင်း၊ ရာနှုန်းပြည့် FDI လုပ်ငန်းများတွင်လည်း ပြည်တွင်းသွင်းကုန်အသုံးပြုမှု (local content) ပိုင်းတို့တွင် ပြည်တွင်းလုပ်ငန်းရှင်တို့ ပိုပါဝင်စေရန် သီးခြားသတ်မှတ်ပေးခြင်းကို လုပ်ဆောင်ရမည်ဖြစ်သည်။ ထုတ်လုပ်မှု (သို့မဟုတ်) ဝန်ဆောင်မှုလုပ်သည့် နိုင်ငံတကာလုပ်ငန်းကြီးများတွင် အထွေထွေလုပ်သားအဆင့်မှစပြီး အဆင့်မြင့်ရာထူးများအထိ မြန်မာနိုင်ငံသားများ အများဆုံးအသုံးပြုရေးကိုလည်း ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလုပ်ငန်းများအား အရည်အသွေးမြင့်မားမှုကို အခြေပြုသည့် ပြည်ပကိုဦးတည်ထုတ်လုပ်သည့်လုပ်ငန်းများ (internationalization of firms) ဖြစ်လာစေရန် အစီအစဉ်များချမှတ် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပြည်တွင်းလုပ်ငန်းများအား အကာအကွယ်ပေးသည့် လုပ်ဆောင်မှုများကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။

**FDI ကိုအားပေးသည့် ကုန်သွယ်မှုပေါ်လစီ**

GSC နှင့်ဆက်စပ်နေသည့် FDI များ ပိုမိုဝင်ရောက်လာရေးအတွက် ကုန်သွယ်ရေးပေါ်လစီ၏အခန်းကဏ္ဍအရေးပါသည်။ ကုန်သွယ်ရေးပေါ်လစီက ကုန်သွယ်မှုလုပ်ငန်းတစ်ခုတည်း လုပ်ဆောင်ရန်မဟုတ်တော့ဘဲ GSC နှင့် ဆက်စပ်နေသည့် FDI လုပ်ငန်းကြီးများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ တန်ဖိုးမြင့်ပို့ကုန်ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရေး၊ ဉာဏပစ္စည်းအကာအကွယ် ပိုမိုပေးရေး၊ FDI လုပ်ငန်းကြီးများ လွယ်ကူချောမွေ့လျင်မြန်စေရေးနှင့် နိုင်ငံတကာယှဉ်ပြိုင်နိုင်မှုစွမ်းအားတိုးတက်ရေး စသည်တို့အတွက်ပါ အကျုံးဝင်ပေသည်။ အတိုချုံးအားဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဉာဏဆိုင်ရာပစ္စည်းအကာအကွယ်ပေးရေး၊ ဝန်ဆောင်မှုများ (trade-investment-IP-services-nexus) အပြန်အလှန် ဆက်စပ်လုပ်ဆောင်ရမည်ဖြစ်သည်။

ဆိုလိုသည်မှာ GSC နှင့် ထဲထဲဝင်ဝင်ပေါင်းစည်းနိုင်ရန်အတွက် ကုန်သွယ်ရေးပေါ်လစီအနေဖြင့် ဈေးကွက်ဦးတည်သည့် FDI များ ပိုမိုဝင်ရောက်လာစေရေး အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတွက် ကုန်သွယ်ရေးပေါ်လစီအနေဖြင့် 4C ဟုခေါ်သည့်အခြေခံအချက် (၄) ချက်ပြည့်မီရမည်ဖြစ်သည်။ ပထမအချက်မှာ စရိတ်အရ ယှဉ်ပြိုင်နိုင်မှုဂိမ်းအား (competitiveness cost) ရှိရမည်ဖြစ်သည်။ ပြည်တွင်းလာရောက်ထုတ်လုပ်မှုပြုသည့် FDI လုပ်ငန်းကြီးများစရိတ်အရ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းအားရှိစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ဒုတိယအချက်မှာ နိုင်ငံတကာသို့ တင်ပို့ဖြန့်ချိရာတွင် အချိန်အမြန်ဆုံးနှင့် အချိန်ကိုက်ဖြစ်စေရေး (celerity & timeliness) ပင်ဖြစ်သည်။ တတိယအချက်မှာ ကမ္ဘာ့ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချမှုကုန်စည်များအတွက် သေချာမှုနှင့် အမြတ်ရရှိနိုင်မှု (certainty & predictability) ပေးနိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအချက်မှာ ကုန်သွယ်ရေးပေါ်လစီသည် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးအတွက် ထုတ်လုပ်မှုလမ်းကြောင်းနှင့် တန်ဖိုးမြင့်လမ်းကြောင်းတစ်လျှောက်ရှိ ပြည်တွင်းလုပ်ငန်းရှင်များအကြား ပေါင်းစပ်ညှိနှိုင်းပေးရမည်ဖြစ်သလို ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက်ပါ နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများ၊ ကုမ္ပဏီကြီးများနှင့် လိုအပ်သည့်ပေါင်းစပ်ညှိနှိုင်းမှု (coordination) များ ပိုမိုပြုလုပ်ပေးရမည်ဖြစ်သည်။

**ပဓာနကျသည့်ပြည်သူများ၏ စွမ်းဆောင်ရည်**

GSC နှင့် ထဲထဲဝင်ဝင်ပေါင်းစည်းနိုင်ရေးအတွက် အရည်အသွေးရှိပြီး စွမ်းဆောင်ရည်မြင့်မားသည့် လုပ်ငန်းရှင်များနှင့် ပြည်သူများရှိမှသာ ဖော်ဆောင်နိုင်မည်ဖြစ်၍ အထူးအရေးကြီးပါသည်။ ယနေ့ globalization ခေတ်တိုးတက်ဖွံ့ဖြိုးမှုကို အဓိကပြဋ္ဌာန်းနေသည့်အချက်မှာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ် (high quality human resource) သာဖြစ်ကြောင်း တိုးတက်ဖွံ့ဖြိုးနေသည့် နိုင်ငံတိုင်းကဖော်ဆောင်နေသည်။ ဆိုလိုသည်မှာ စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အထူးလိုအပ်သည်မှာ ပြည်သူအများစု၏ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် လုပ်ကိုင်နိုင်သည့်စွမ်းရည် သိသိသာသာ တိုးတက်လာမှသာဖြစ်နိုင်ပေမည်။ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးသည့်အတွက် မြန်မာ့စီးပွားရေးကို အဓိကဆောင်နှင်းသူမှာ ပုဂ္ဂလိကကဏ္ဍဖြစ်ပြီး စုစုပေါင်း တိုင်းပြည်ဝင်ငွေ၏ ၉၀% ဝန်းကျင်ကို ကိုယ်စားပြုနေကြောင်းတွေ့ရသည်။ ထို့အတွက် GSC နှင့်ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းရှင်များနှင့် ပြည်သူများ ပိုမိုပေါင်းစပ် ပါဝင်နိုင်ရေးအတွက် အသေးစိတ်ကို ကြိုတင်ပြင်ဆင်ရမည့်အချက်များကို နားလည်သဘောပေါက်ပြီး လက်တွေ့ကြိုးစားဆောင်ရွက်မှသာ ပွင့်လင်းလာသည့် စီးပွားရေးအခွင့်အလမ်းများကို မြန်မာတို့ပါဝင်ဆောင်ရွက်နိုင်မှုမှတစ်ဆင့် အကျိုးစီးပွားရရှိလာသည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

## ပြည်ပဝယ်လိုအားနည်းပါး၍ ပဲဈေးနှုန်းကျဆင်း

**မော်လမြိုင် ဒီဇင်ဘာ ၂၉**
ယခုနှစ် မွန်ပြည်နယ်ပဲဈေးကွက်သည် ပြည်ပဝယ်လိုအား နည်းပါးမှုကြောင့် မွန်ပြည်နယ်ရှိ ပဲစုံဈေးနှုန်းများ ကျဆင်းကာ အရောင်းအဝယ် နည်းပါးလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော မတ်ပဲအမျိုးအစားများမှာ ယခင်နှစ်က တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ကျော်အထိရှိပြီး ယခုနှစ်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ကျော်ထိသာ ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ်က ပြည်ပနိုင်ငံများတွင် ရာသီဥတုမကောင်းသောကြောင့် ပဲအထွက်နှုန်းနည်းပါ၍ မြန်မာပြည်တွင် ပဲမျိုးစုံကို ဝယ်ယူမှုများပြားခဲ့သဖြင့် ပဲဈေးနှုန်းများမှာလည်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားသည်။

ယင်းအပြင် မွန်ပြည်နယ်အတွင်းရှိ ပဲစိုက်တောင်သူများလည်း ယခင်နှစ်က ပဲဈေးကွက်ကောင်းမွန်သည့်အတွက် ယခုနှစ်တွင် ပဲစိုက်ပျိုးဧက ပိုမိုများပြားခဲ့သဖြင့် ပဲဈေးနှုန်းကျဆင်းသည့်အပေါ် ပဲစိုက်တောင်သူများ အခက်တွေ့လျက်ရှိကြောင်း ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မွန်ပြည်နယ်တွင် မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရော၊ ချောင်းဆုံ၊ ကျိုက်ထိုမြို့နှင့် သထုံမြို့နယ်တို့၌ ပဲမျိုးစုံစိုက်ပျိုးလျက်ရှိပြီး မတ်ပဲ၊ ပဲတီရွှေဝါ၊ ပဲတီစိမ်း၊ ပဲလွတ်ဖြူတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း ပြည်နယ်ပဲအရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

**သုံးခွ ဒီဇင်ဘာ ၂၉**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရန် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ကျေးလက်များအတွက် အရေးပါသော လမ်းများ၊ တံတားများကို တည်ဆောက်ပြုပြင်ပေးလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဒေါင့်ကြီး၊ ဇရုံကန်၊ ဘုရားကြီးကျေးရွာနှင့် သဲကုန်းကြီးကျေးရွာသို့ ဆက်သွယ်သော အရှည် ၁၈၄၈ ပေရှိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မရှိ ကွန်ကရစ်လမ်းကို ဒီဇင်ဘာ ၂၆ ရက်မှစတင်ပြီး သွားလာနိုင်ပြီဖြစ်၍ ကျေးလက်နေဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# ခရုစုတ်ငှက်အများအပြားပေါက်ဖွားနေမှု ဖမ်းယူစားသောက်ခြင်း မပြုရန် အသိပေးပညာပေးခြင်းများ ဆောင်ရွက်



**ဘားအံ ဒီဇင်ဘာ ၂၉**
ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်သူကုန်း ကျေးရွာအုပ်စု ခြံကလေးကျေးရွာနှင့် ကော့ရေး ကျေးရွာအကြား ကွင်းအမှတ် (၁၂၆၁) ရှိ ကွန်ဒိုင်ကွင်းအတွင်း ဖဲကတာချောင်းယာဘက်ဘေး ဒီရေစိမ့်တောများအတွင်း အပင်များပေါ်တွင် ဒီဇင်ဘာ ၁၆ ရက်က ခရုစုတ်ငှက်သားကောင်ပေါက် တစ်နှစ်သားအရွယ်ငှက်အများအပြား တွေ့ရှိခဲ့ရကြောင်း သိရသည်။

ခရုစုတ်ငှက်များမှာ အကောင်အရေအတွက် များပြားသဖြင့် ခန့်မှန်းမရသေးကြောင်း၊ အတောင်များပေါက်နေပြီဖြစ်သော်လည်း ပျံသန်းနိုင်ခြင်း မရှိသေးကြောင်း သိရှိရပြီး အဆိုပါငှက်များမှာ စပါးများဖျက်သည့် ခရုများကို ကိုက်ယူစားသောက်သည့် ငှက်များဖြစ်သည့်အတွက် တောင်သူများအား အကျိုးပြုသော ငှက်များဖြစ်၍ ဖမ်းယူသတ်ဖြတ်စားသောက်ခြင်းမပြုရန် ဇာသပြင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်အောင်သန်းဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ပတ်ဝန်းကျင်ကျေးရွာများသို့ လိုက်လံအကြောင်းကြားထားကြောင်း သိရသည်။

အဆိုပါကိစ္စအား ကျေးရွာအုပ်ချုပ်ရေးမှူးများမှလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး အကြောင်းကြားခဲ့ရာ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ခြံကလေးအုပ်စု ကော့ရေးကျေးရွာအနီး ဒီရေစိမ့်တောတွင် သားပေါက်နေသော ခရုစုတ်ငှက်များအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းမပြုရန် ဘားအံမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဇော်မင်းဦး ဦးစီးအဖွဲ့နှင့် ဇာသပြင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းဆွေ ဦးစီးရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ကော့ရေးကျေးရွာရှိ ရွာသူရွာသား ၆၀ ခန့်အား အသိပညာပေးဟောပြောခဲ့သည်။

ကော့ရေးရွာထိပ် ဘားအံ၊ ဇာသပြင် အဖြောင့်ကားလမ်းဘေးတွင် 'ခရုစုတ်ငှက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရ။ တွေ့ရှိပါက တောရိုင်းတိရစ္ဆာန်များကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဥပဒေအရ အရေးယူခံရမည်' ဟု သတိပေးဆိုင်းဘုတ် စိုက်ထူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စနစ်ကျလယ်ယာဧက ၄၀၀ ဖော်ထုတ်မည်

**မုံရွာ ဒီဇင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် စနစ်ကျလယ်ယာ ဧက ၄၀၀ ကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

စနစ်တကျ လယ်မြေဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် သီးနှံများထွက်ရှိမှုကောင်းမွန်ခြင်း၊ သီးနှံအရည်အသွေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေကို စနစ်တကျ သုံးစွဲနိုင်ခြင်း၊ ကုန်ထုတ်လမ်းများပါရှိခြင်းကြောင့် ရိတ်သိမ်းသီးနှံများကို အချိန်မီသယ်ယူနိုင်ခြင်း၊ လုပ်သားရှားပါးမှုကို လယ်ယာသုံးစက်ကိရိယာများဖြင့်ဖြေရှင်းနိုင်ခြင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာခြင်းတို့ကို တောင်သူများ ခံစားရမည်ဖြစ်သဖြင့် နိုင်ငံတော်မှလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်းကောင်း၊ ဒေသခံတောင်သူများမှ မိမိတို့ကိုယ်ပိုင်ငွေများ၊ ချေးငွေများဖြင့်လည်းကောင်း စနစ်ကျလယ်ယာမြေများနှင့် အဆင့်မြင့်လယ်ယာမြေများကို ဖော်ထုတ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"သမားရိုးကျနည်းနဲ့စိုက်ပျိုးခဲ့တဲ့ လယ်ကွက်တွေကို ဧကကွက်တွေအဖြစ် ဖော်ထုတ်ပေးသွားမှာပါ။ ရေသွင်း၊ ရေထုတ်မြောင်းတွေပါမယ်။ ကုန်ထုတ်လမ်းတွေပါမယ်။ ဧကကွက်တွေဖော်ထုတ်ခြင်းဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာတွေကို အလွယ်တကူအသုံးပြုနိုင်မယ်။ သီးနှံတွေကလည်း မျိုးကောင်းမျိုးသန့်တွေ ဖြစ်လာမယ်။ အရည်အသွေးတွေမီလာမယ်။ အချိန်မီရိတ်သိမ်းနိုင်မယ်။ သီးနှံလေလွင့်မှု နည်းပါးတဲ့ အကျိုးကျေးဇူးတွေ အများကြီးရကြမှာပါ။ လယ်မြေဧကကွက်တွေ ဖြစ်တဲ့အတွက် စက်ကိရိယာတွေနဲ့ ဖြေရှင်းနိုင်မှာဖြစ်လို့ ရာသီဥတုအတွက်လည်း မပူပင်ရဘူးပေါ့။ စနစ်ကျလယ်ယာရဲ့အကျိုးကျေးဇူးတွေကို သိရှိပြီးတဲ့နောက်ပိုင်းမှာ တောင်သူတွေ စိတ်ဝင်စားတယ်ဆိုရင်တော့ စနစ်ကျလယ်ယာကနေ အဆင့်မြင့်လယ်ယာစနစ်ကို ပြောင်းလို့ရအောင်လို့ ဖော်ထုတ်ပေးတာပါ" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာတွင် ၁၆၃ ဧကကိုလည်းကောင်း၊ ချီပါကျေးရွာတွင် ဧက ၁၀၀၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် ချီပါမျိုးသန့်ခြံ၌ ၅၇ ဧက၊ မြင်းမူမြို့နယ်ပျော့ရွာတွင် ဧက ၇၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လည်းကောင်း၊ ချောင်းဦးမြို့နယ် အောင်စေပိုင်စေကျေးရွာတွင် ဧက ၁၁၀ ကိုလည်းကောင်း၊ အရာတော်မြို့နယ် မကျီးစောက်ကျေးရွာတွင် ဧက ၉၀ ကို မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီချေးငွေဖြင့်လည်းကောင်း စုစုပေါင်း ၆၀၃ ဧက ကို အသီးသီးဖော်ထုတ်ပေးခဲ့သည်။

ယင်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာတွင်ဧက ၁၀၀၊ ကန့်ဘလူမြို့နယ် ထိန်တောကျေးရွာတွင်ဧက ၁၀၀၊ တန့်ဆည်မြို့နယ် ခပေါင်းကြိုင်ကျေးရွာတွင် ဧက ၁၀၀၊ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် ဧက ၁၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးသန့်ခြံများဖြစ်သော မုံရွာမြို့နယ် ကြေးမုံမျိုးသန့်ခြံတွင် ဧက ၁၀၀၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ကန့်ဘလူမျိုးသန့်ခြံတွင် ဧက ၁၀၀ နှင့် မြေမွန်မျိုးသန့်ခြံတို့တွင် ဧက ၂၀၀ စုစုပေါင်း ဧက ၈၀၀ ကိုလည်းကောင်း စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် ဧက ၁၀၀ နှင့် ကံရိုးကျေးရွာတွင် ဧက ၁၀၀၊ ကသာမြို့နယ် မင်းလယ်ကျေးရွာ တွင်ဧက ၁၀၀၊ စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာတွင် ဧက ၁၀၀ စုစုပေါင်း ဧက ၄၀၀ ကို ဆက်လက်ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ပွင့်လင်းမြင်သာစွာ ကိုယ်တိုင်မဲနှိုက်ရောင်းချမည်




**မန္တလေး ဒီဇင်ဘာ ၂၉**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် မြေကွက်အမှတ် မမ-၁၆ ပေါ်တွင် ဆောက်လုပ်သော မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာစီမံကိန်းအပိုင်း(၂)ရှိ ရှစ်ခန်းတွဲ ငါးထပ်တိုက် အမှတ်(၅) (၆)နှင့် တိုက်အမှတ်(၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)နှင့် တိုက်အမှတ်(၂၀) စုစုပေါင်း တိုက် ၁၄ လုံး အခန်းပေါင်း ၅၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်း၊ (၁၆) လမ်းနှင့် (၁၉) လမ်းကြားရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး) ၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာအပိုင်း(၂)ရှိ ရှစ်ခန်းတွဲ ငါးထပ်တိုက်ခန်း လျှောက်ထားကြသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများသည် မှတ်ပုံတင်နှင့် လျှောက်လွှာနံပါတ်ပါသော ပြေစာများယူဆောင်၍ တိုက်အမှတ်နှင့် အခန်းအမှတ် ယှဉ်တွဲဖော်ပြထားသည့် ပေါက်မဲများကို ပွင့်လင်းမြင်သာစွာ လျှောက်လွှာအမျိုးအစားလေးမျိုးအား တစ်ပြိုင်နက်တည်း မဲဖောက်ပေးမည်ဖြစ်၍ လျှောက်ထားသူကိုယ်တိုင် လာရောက်မဲနှိုက်ရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ကြေညာထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ဗိုလ်တထောင်ဈေးလမ်း စကြံနှင့် မြစ်ထွက်ပေါက်ရေနုတ်မြောင်းမကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ မြို့တော်နေ မိဘပြည်သူများနှင့် ခြေကျင်ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စင်္ကြံနှင့် လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တောင်ပိုင်းခရိုင်မှူး လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦး၏ ကြီးကြပ်မှုဖြင့် ဌာနခွဲမှူး ဒေါ်တင်တင်စန်းဦးဆောင်ကာ လုပ်သားများဖြင့် ဒီဇင်ဘာ ၂၇ ရက် နံနက်က ဗိုလ်တထောင်ဈေးလမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်း) ကြား ဝဲ၊ ယာတို့တွင် အရှည် ပေ ၂၈၀၀၊ အကျယ် ၁၀ ပေ စင်္ကြံအားလည်းကောင်း၊ ရေနုတ်မြောင်းမကြီး (မြစ်ထွက်ပေါက်သို့စီးဝင်သည့် ဆက်စပ်မြောင်း) ဝဲ၊ ယာ အရှည် ပေ ၂၈၀၀၊ အကျယ် သုံးပေနှင့် အနက်လေးပေရှိ ရေမြောင်းမကြီးအား အသစ်တည်ဆောက်ပေးလျက်ရှိသည်။ **၁၉၇**

## အထွေထွေရောဂါကုဆရာဝန်ညီလာခံကျင်းပမည်

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၂၉**
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၈) ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်ညီလာခံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (A)၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံသို့တက်ရောက်မည့် ဆရာဝန်များ၊ ဆေးကျောင်းသားများသည် ဇန်နဝါရီ ၂ ရက်မှ ၆ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သူလိုလူတွေ အများကြီးလိုသည်

**အောင်ထွန်း**

*နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင်အဓိကလိုအပ်ချက်တစ်ခုဖြစ်သောနိုင်ငံတော်အခွန်ဘဏ္ဍာငွေများမှန်ကန်စွာရရှိရေးသည်ပြည်သူတို့အပေါ်တွင်များစွာမူတည်ပါသည်။ ထိုသို့ရရှိလာသော အခွန်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုနှင့်ပြည်သူတို့၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင်မှန်ကန်စွာအသုံးပြုလျက်ရှိသဖြင့်ပြည်သူပြည်သားတိုင်းသည်ပေးဆောင်ရမည့်အခွန်ကို တာဝန် ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ပါသည်။ ထိုသို့ တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်ခြင်းသည်ပင်လျှင် နိုင်ငံတော်အတွက် မိမိကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်ခြင်းဟုဆိုနိုင်ပါသည်။ ယခုနှစ်အတွက် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်ကြသူများစာရင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နေ့စွဲဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက သတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသို့ ထုတ်ပြန်ကြေညာချက်အရ ပထမနေရာမှ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးနှင့် တွေ့ဆုံမေးမြန်းမှုများကို တင်ပြလိုက်ရပါသည်။*



မင်္ဂလာပါ Senior MD ကြီးခင်ဗျာ။ ကမ္ဘောဇဘဏ်လီမိတက်ရဲ့ (၅)နှစ်ဆက်တိုက် 'ပထမ' နေရာကနေ ဝင်ငွေခွန်အများဆုံးထမ်းဆောင်မှုတွေ၊ ကမ္ဘောဇဘဏ် စတင်တည်ထောင်ချိန်ကနေ ယနေ့အောင်မြင်မှုများစွာကို ပိုင်ဆိုင်ထားတဲ့ ကမ္ဘောဇဘဏ်လီမိတက်ရဲ့ ပဲ့ကိုင်ရှင် ဦးဆောင်သူဖြစ်တဲ့ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီးရဲ့ အောင်မြင်မှုတွေကို ဝမ်းမြောက်ဂုဏ်ယူကြောင်း အရင်ဆုံးပြောပါရစေဗျာ။ Congratulations ပါဗျာ . . .။ အခုလိုမျိုး တွေ့ဆုံမေးမြန်းခွင့်ရရှိတဲ့အတွက် ကမ္ဘောဇဘဏ်လီမိတက်ရဲ့ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးကိုလည်း အထူးကျေးဇူးတင်ပါတယ်ဗျာ. . .

**ကမ္ဘောဇဘဏ်လီမိတက်အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပထမနေရာကနေ ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့တယ်လို့ သိရပါတယ်။ ဝင်ငွေခွန်ပေးဆောင်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်။**

ကမ္ဘောဇဘဏ်လီမိတက်အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်ကျပ်ငွေ ၂၂၉၅၉ ဒသမ ၈၃ သန်းပေးဆောင်ခဲ့တာပါ။ ပြည်တွင်းအခွန်များ ဦးစီးဌာနက ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက် နေ့စွဲနဲ့ထုတ်ပြန်ကြေညာချက်အရ ကျွန်တော်တို့ ကမ္ဘောဇဘဏ်အနေနဲ့ တစ်နိုင်ငံလုံးမှာ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့တယ်ဆိုတာ သိရလို့ အတိုင်းထက် အလွန်ဂုဏ်ယူမိပါတယ်။

**ယခုနှစ်မှာဝင်ငွေခွန် ပထမနေရာကထမ်းဆောင်ခဲ့သလို ယခင်နှစ်များကလည်း ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်းသိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါ တယ်။**

ယခုနှစ်မှာ ဝင်ငွေခွန် ပထမနေရာက ထမ်းဆောင်နိုင်ခဲ့တဲ့အတွက် ဝင်ငွေခွန်ပေးဆောင်မှုမှာ ငါးနှစ်ဆက် 'ပထမ'နေရာမှ ထမ်းဆောင်ခဲ့တယ်လို့ ဆိုရမှာပါ။ အခွန်စည်းကြပ်နှစ်အလိုက် ဝင်ငွေခွန်ထမ်းဆောင်ခဲ့မှုတွေကို ရှင်းပြရမယ်ဆိုရင် . . .

၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ် မှာ ဝင်ငွေခွန် ကျပ်ငွေ ၆၀၁၅ ဒသမ ၃၉၇ သန်း၊

၂၀၁၂-၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ် မှာ ဝင်ငွေခွန် ကျပ်ငွေ ၁၀၈၂၇ ဒသမ ၇၀ သန်း၊

၂၀၁၃-၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ် မှာ ဝင်ငွေခွန် ကျပ်ငွေ ၁၇၀၆၂ ဒသမ ၆၆ သန်း၊

၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ် မှာ ဝင်ငွေခွန် ကျပ်ငွေ ၂၂၀၁၃ ဒသမ ၆၁) သန်း၊

၂၀၁၅-၂၀၁၆ ခုနှစ် အခွန်စည်းကြပ်နှစ် မှာ ဝင်ငွေခွန် ကျပ်ငွေ ၂၂ယ၉၅၉ ဒသမ ၈၃) သန်း စသည်ဖြင့် ပေးဆောင်ခဲ့ပါတယ်။

**ကမ္ဘောဇဘဏ်အနေနဲ့ နှစ်စဉ်ဝင်ငွေခွန်ပေးဆောင်မှုအပြင် အခွန်နဲ့ပတ်သက်ပြီး စနစ်တကျ ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားမှုများကို သိပါရစေ။**

ကြိုတင်ခွန်ကိုလည်း ၂၀၁၆-၂၀၁၇ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၂၈၀၀၀ သန်း ကြိုတင်ခွန်ပေးသွင်းပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၃၂၀၀၀ သန်းကိုလည်း လာမယ့် မတ်လကုန်မတိုင်မီ အပြီးပေးသွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်းဟာ နိုင်ငံတော်ကို အခွန်အများဆုံး ပေးဆောင်ဖို့အတွက် စနစ်တကျ စီမံဆောင်ရွက်ဖို့ စဉ်ဆက်မပြတ် လမ်းညွှန်မှုပြုလုပ်လျက်ရှိတာကြောင့် ဝင်ငွေခွန်ကို ငါးနှစ်ဆက် 'ပထမ' နေရာကနေ အများဆုံးထမ်းဆောင်နိုင်ခဲ့တဲ့အပြင် ကြိုတင်ခွန်ပေးသွင်းထားနိုင်ခြင်း နောင်လာမည့် အခွန်စည်းကြပ်နှစ်များအတွက်ကိုပါ ကြိုတင်ခွန် ပေးသွင်းလျက်ရှိခြင်းဆိုတဲ့ နိုင်ငံတော်အခွန်ဘဏ္ဍာငွေနဲ့ပတ်သက်ရင် လွန်စွာအလေးအနက်ထားတာကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၈-၂၀၁၉ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၃၈၀၀၀ သန်းကို ကြိုတင်ခွန်ပေးသွင်းရန်လျာထားပါတယ်။

**အခုလိုအခွန်ထမ်းဆောင်ရာမှာ တာဝန်ကျေပွန်တဲ့အတွက် နိုင်ငံတော်က ဆုများချီးမြှင့်ထားတယ်လို့လဲ သိရပါတယ်။ ဆုရရှိထားမှုအခြေအနေကို သိပါရစေ။**

၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်မှာ ဝင်ငွေခွန် ပထမနေရာက ထမ်းဆောင်နိုင်ခဲ့လို့ နိုင်ငံတော်သမ္မတရဲ့ 'နိုင်ငံ့စွမ်းဆောင်ရည်ဆု' (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု)ကို ရရှိခဲ့ပါတယ်။ ဒ့ါအပြင် ဆက်တိုက်ဆိုသလို အခွန်ထမ်းဆောင်ရာမှာ ပထမနေရာ ရရှိခဲ့တဲ့အတွက် 'အထူးဂုဏ်ထူးဆောင်နိုင်ငံ့စွမ်းဆောင်ရည်ဆု'ကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ပါတယ်။

**အခုလို နိုင်ငံတော်အတွက် အရေးပါတဲ့ အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းက ဘဏ်လုပ်ငန်းတစ်ခုတည်းနဲ့ ထမ်းဆောင်နိုင်ခဲ့တာလို့သိရပါတယ်။ အဲဒီတော့ ဘဏ်လုပ်ငန်းကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်ဖြစ်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

ကျွန်တော်တို့ဥက္ကဋ္ဌကြီး ဘဏ်လုပ်ငန်းလုပ်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှာ တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီဆောင်ရွက်ချင်တဲ့ စိတ်ကြောင့်ပါ။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ နိုင်ငံတော်အတွက်ရော ပြည်သူတွေအတွက်ပါ ငွေရေးကြေးရေး ကဏ္ဍဟာအရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူထားပါတယ်။ ဒါကြောင့်လည်း တစ်ဖက်ကပြည်သူတွေကို ခေတ်မီတဲ့ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတွေပေးနိုင်ခဲ့သလို တစ်ဖက်မှာလဲ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာငွေကို တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ မှန်ကန်စွာ ပေးဆောင်စေခဲ့ခြင်းဖြစ်ပါတယ်။ အခုလိုနိုင်ငံတော်ကို ပံ့ပိုးကူညီနိုင်ခဲ့ခြင်းဟာ ကျွန်တော်တို့ဥက္ကဋ္ဌကြီး ရွေးချယ်ခဲ့တဲ့ ဘဏ်လုပ်ငန်းကြောင့်လို့ ယုံကြည်ပါတယ်။

**ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေကိုလည်း သိပါရစေ။**

ပထမဆုံးအနေနဲ့ နိုင်ငံနဲ့အဝန်းမှာ ပြည်သူတွေ ခေတ်မီဘဏ်လုပ်ငန်းနဲ့ ရင်းနှီးကျွမ်းဝင်စေဖို့ ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း မြို့ပြ ကျေးလက်မကျန် ဘဏ်ခွဲတွေဖွင့်လှစ်ပေးပြီး ခေတ်မီ ဘဏ်လုပ်ငန်းတွေကို ပြည်သူတွေနဲ့ ရင်းနှီးအောင်ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် နိုင်ငံခြားတိုင်းပြည်တွေမှာ အလုပ်လုပ်နေကြတဲ့ မြန်မာနိုင်ငံသားတွေ အဆင်ပြေစေဖို့နဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်တဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ အဆင်ပြေစေဖို့အတွက် နိုင်ငံခြားတိုင်းပြည်တွေမှာ ဘဏ်ကိုယ်စားလှယ်ရုံးခွဲတွေ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံအတွင်းမှာ ကမ္ဘောဇဘဏ်လီမိတက်ရဲ့ ဘဏ်ခွဲပေါင်း ၄၃၀ ကျော်၊ ATM စက် ၇၅၀ ကျော်၊ ဝန်ထမ်းအင်အား ၁၇၀၀၀ ကျော်နဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဗဟိုဘဏ်ရဲ့ လမ်းညွှန်မှုနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

**အခုလို ဘဏ်လုပ်ငန်းကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေတာကြောင့် ပြည်ပနိုင်ငံတွေကလည်း ကမ္ဘောဇဘဏ်ကို ဆုများချီးမြှင့်နေတာ ဒါနဲ့ပတ်သက်ပြီး ရှင်းလင်းပြောပြပါအုံးခင်ဗျ။**

နိုင်ငံတကာဆုတွေကတော့ နှစ်စဉ်နှစ်တိုင်းရရှိခဲ့ပါတယ်။ ယခုနှစ်အတွင်းရရှိခဲ့တဲ့ နိုင်ငံတကာဆုတွေကတော့ စက်တင်ဘာလမှာ အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်တဲ့ "Best Bank in Myanmar 2016" ဆု၊ အောက်တိုဘာလမှာ စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်တဲ့ "World Quality Commitment 2016" ဆု ဒီဇင်ဘာလမှာ အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်တဲ့ "Best Commercial Bank in Myanmar 2016" ဆုနဲ့ "Best Retail Bank in Myanmar 2016" ဆု၊ ဒ့ါအပြင် ဒီဇင်ဘာလမှာပဲ အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်တဲ့ "Bank of the Year in Myanmar 2016" ဆုများဖြစ်ပါတယ်။

**ကမ္ဘောဇဘဏ်အနေနဲ့ လူမှုရေး ဆောင်ရွက်မှုများစွာ လုပ်ဆောင်ထားတယ်လို့ သိရပါတယ်။ ရှင်းပြပေးပါခင်ဗျာ။**

ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်းရဲ့သမီးအကြီး ကမ္ဘောဇဘဏ်ရဲ့ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ 'ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း' ကို ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံတွင်း ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်စောင့်ရှောက်ရေး၊ KBZ Water Project နဲ့ အခြားပရဟိတလုပ်ငန်းတွေကို ကိုယ်ရောစိတ်ပါ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။

**ဖောင်ဒေးရှင်းအနေနဲ့လည်း ဆုများစွာ လက်ခံရရှိထားတယ်လို့ သိရပါတယ်။ ထူးခြားတဲ့ဆုတွေနဲ့ ယနေ့အထိ လှူဒါန်းထားမှုကို သိပါရစေ။**

၂၀၁၅ ခုနှစ် စက်တင်ဘာလက Euromoney အဖွဲ့ကြီးက ချီးမြှင့်တဲ့ လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု "Euromoney Achievement Award for CSR" ဆုနဲ့ ၂၀၁၅ ခုနှစ် မေလက နိုင်ငံတော်သမ္မတရဲ့ 'နိုင်ငံ့စွမ်းဆောင်ရည်ဆု' (နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့) ဆုတို့ကို ရရှိထားပါတယ်။ ဖောင်ဒေးရှင်း စတင်ထူထောင်တဲ့နေ့ကစပြီး ယနေ့အထိ ကဏ္ဍပေါင်းစုံမှာ ကျပ်ငွေ ၁၁၀ ဒသမ ၆၈၂ ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။

**နောက်ဆုံးမေးမြန်းလိုတာကတော့ နိုင်ငံတော်ရဲ့ လက်ရှိစီးပွားရေးအခြေအနေနဲ့ နောင်အလားအလာကိုရော ဘယ်လိုမြင်ပါသလဲ။**

သက်ဆိုင်ရာနိုင်ငံတော်တာဝန်ရှိသူများနဲ့ အစိုးရအဖွဲ့အနေနဲ့ နေ့မအား ညမအား ကြိုးပမ်းဆောင်ရွက်နေတာတွေ့ရတဲ့အတွက် မကြာမီကာလမှာပဲ နိုင်ငံတော်ရဲ့ စီးပွားရေး တစ်ဟုန်ထိုးတိုးတက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ကမ္ဘောဇဘဏ်လီမိတက်ရဲ့ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာတစ်ယောက်အနေနဲ့ ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။**

ပြည်သူအများလိုလားတဲ့ ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာမှာ ကမ္ဘောဇဘဏ်အနေနဲ့လည်း ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်းရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး အထူးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

"ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇–၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈–၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးမိုးကျော် + ဒေါ်အေးအေးမွန် – Ngwe Moe Hotel and Hospital (မော်လမြိုင်)
ဒေါ်တင်တင်နိုင် – Strand Hotel (မော်လမြိုင်)
ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် – Sunshine Hotel (မော်လမြိုင်)
ဒေါ်ကျင်သန်း – Royal Hinthar Hotel (မော်လမြိုင်)
ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
ဒေါက်တာကင်ကြည် – Zar Ni Bwar Hospital (မော်လမြိုင်)
ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း – ကျောက်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျှက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက် ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးမိုးကျော် + ဒေါ်အေးအေးမွန် – Ngwe Moe Hotel and Hospital (မော်လမြိုင်)
ဒေါ်တင်တင်နိုင် – Strand Hotel (မော်လမြိုင်)
ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် – Sunshine Hotel (မော်လမြိုင်)
ဒေါ်ကျင်သန်း – Royal Hinthar Hotel (မော်လမြိုင်)
ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
ဒေါက်တာကင်ကြည် – Zar Ni Bwar Hospital (မော်လမြိုင်)
ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း – ကျောက်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။**

- **၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက်** Finance Asia **မှ ချီးမြှင့်သော**
  "Best Bank in Myanmar 2016"
- **၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက်** Business Initiative Directions **မှ ချီးမြှင့်သော**
  "World Quality Commitment 2016"
- **၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက်** World Finance **မှ ချီးမြှင့်သော**
  "Best Commercial Bank in Myanmar 2016" **နှင့်**
  "Best Retail Bank in Myanmar 2016"
- **၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက်** Financial Times (The Banker) **မှ ချီးမြှင့်သော**
  "Bank of the Year in Myanmar 2016"

**ဦးမိုးကျော် + ဒေါ်အေးအေးမွန်** – Ngwe Moe Hotel and Hospital (မော်လမြိုင်)
**ဒေါ်တင်တင်နိုင်** – Strand Hotel (မော်လမြိုင်)
**ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင်** – Sunshine Hotel (မော်လမြိုင်)
**ဒေါ်ကျင်သန်း** – Royal Hinthar Hotel (မော်လမြိုင်)
**ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင်** – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
**ဒေါက်တာကင်ကြည်** – Zar Ni Bwar Hospital (မော်လမြိုင်)
**ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း** – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် "ကမ္ဘောဇဘဏ်လီမိတက်" နှင့် ထပ်ထူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။**

**ဦးမိုးကျော် + ဒေါ်အေးအေးမွန်** – Ngwe Moe Hotel and Hospital (မော်လမြိုင်)
**ဒေါ်တင်တင်နိုင်** – Strand Hotel (မော်လမြိုင်)
**ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင်** – Sunshine Hotel (မော်လမြိုင်)
**ဒေါ်ကျင်သန်း** – Royal Hinthar Hotel (မော်လမြိုင်)
**ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင်** – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
**ဒေါက်တာကင်ကြည်** – Zar Ni Bwar Hospital (မော်လမြိုင်)
**ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း** – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# စီရင်ထုံးများသည် ဥပဒေ၏အကိုင်းအခက်၊ အဖူးအညွန့်၊ အသီးအပွင့်များသည်သာ

မောင်စာဂ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ထုံးများကို နှစ်စဉ်၊ နှစ်စဉ်ထုတ်ဝေ လျက်ရှိသည်။ ခါတိုင်းနှစ်များက ဩဂုတ်လဆိုရင် ထုတ်ဝေသည်။ စက်တင်ဘာလလောက်ဆို ဖတ်ရသည်။ သည်နှစ်တော့ ထုတ်တာနောက်ကျနေသည်။ နိုဝင်ဘာလအထိ ထွက်မလာသေး၊ မျှော်တလင့်လင့်ဖြစ်နေတုန်းမှာပင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးတစ်ဦးက ၂၀၁၅ ခုနှစ် တရားစီရင်ထုံးများစာအုပ်တစ်အုပ် လက်ဆောင်ပေးပို့လာသည်။ ကိုယ်ကြိုက်သည့် အစားအစာတစ်ခုစားရတော့မည်ဆိုသကဲ့သို့ ဝမ်းသာပီတိဖြစ်မိသည်။ ပေးပို့သူအား များစွာကျေးဇူးတင်မိသည်။ ချက်ချင်းဆိုသလို နှစ်ခေါက်၊ သုံးခေါက် လောက်ဖတ်လိုက်မိသည်။ 'စီရင်ထုံးများသည် ဥပဒေ၏ အကိုင်းအခက်၊ အဖူးအညွန့်၊ အသီးအပွင့်များ ဖြစ်နေပါလား' ဟူ၍ စိတ်တွင်ထင်ဟပ် ဖြစ်ပေါ်လာသည်။

**ပါရှိသောစီရင်ထုံးများ**

အဆိုပါ ၂၀၁၅ ခုနှစ်တရားစီရင်ထုံးများစာအုပ်တွင် စုစုပေါင်းစီရင်ထုံး ၂၀ ပါရှိသည်။ ပြစ်မှု အတွက် စီရင်ထုံး သုံးခု၊ တရားမမှုအတွက် စီရင်ထုံး ၁၇ ခု ဖြစ်သည်။ ပြစ်မှုဆိုင်ရာနှင့်စပ်လျဉ်း၍ စာချွန်တော်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတို့အရ ပေါ်ပေါက်လာသော အချက်အလက်များအပေါ် ဆုံးဖြတ်ထားသော စီရင်ထုံးများဖြစ်သည်။

တရားမမှုများနှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ စာချွန်တော်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ယုံမှတ်အပ်နှံခြင်းဥပဒေ၊ လယ်ယာမြေဥပဒေတို့နှင့်စပ်လျဉ်းပြီး ထုံးဖွဲ့ထားသည်။ စီရင်ထုံး တစ်ခုချင်းစီ၏ ဆုံးဖြတ်ထားသော ဥပဒေအကြောင်းအချက်များကို အနှစ်ချုပ်၍ ဖော်ပြပါရစေ။

**ပြစ်မှုဆိုင်ရာအမှုများတွင် ဆုံးဖြတ်ခဲ့သောဥပဒေအကြောင်းအချက်များ**

မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်ထားခြင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် သုံးသည့်ပစ္စည်း လက်ဝယ်ထားရှိခြင်းမှာ ပြစ်မှုတစ်ခုတည်းကိုသာပြုခြင်းဟုတ်၊ မဟုတ် (စာ - ၁)

ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်သော ရဲတရားရုံး၏ အမိန့်အပေါ် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်နိုင်ခြင်း ရှိ၊ မရှိ (စာ - ၁၁)

ပြင်ဆင်မှုတရားရုံးက လျှောက်လဲချက်ကြားနာရမည့်ရုံးချိန်ကို တရားခံသို့ အသိပေးပြီးဖြစ် လျှင် တရားခံသည်ထုချေလျှောက်လဲရန် အခွင့်အရေးရရှိပြီးဖြစ်ကြောင်းနှင့် မူလရုံးအမိန့် ပြန်လည်အတည်ပြုခြင်းသည် ပြစ်ဒဏ်တိုးမြှင့်ခြင်း ဟုတ်၊ မဟုတ် (စာ - ၃၀)

**တရားမဆိုင်ရာအမှုများတွင် ဆုံးဖြတ်ထားသော ဥပဒေအကြောင်းအချက်များ**

မသမာစိတ်ဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲခြင်းကြောင့် လျော်ကြေးငွေ ရလိုမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၂၃ နှင့် သက်ဆိုင်ပြီး၊ တစ်ဦးတစ်ယောက်သောသူအား အခြားနစ်နာမှုဖြစ်စေသည့်အတွက် လျော်ကြေးငွေရလိုမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် -၂၂ နှင့်သက်ဆိုင်ခြင်း၊ (စာ - ၁၁၆)

ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်ပျက်ယွင်းမှု စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နည်းလမ်းတကျစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပြီး လုပ်ပိုင်ခွင့်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ခြင်းအပေါ် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ရန်အကြောင်း မပေါ်ပေါက်ခြင်း။ (စာ - ၃၁)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်က မကျေနပ်သဖြင့် ခုံသမာဓိကောင်စီသို့ ထပ်မံလျှောက်ထားသည့်အမှုတွင် အလုပ်သမားက လျှောက်ထားခြင်းမရှိသော သက်သာခွင့်ကို အလုပ်ရှင်ကပေးစေရန် ခုံသမာဓိကောင်စီက ဆုံးဖြတ်ခြင်းသည် အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်ထက်ကျော်လွန်၍ ဆောင်ရွက်ရာရောက်ခြင်း။ (စာ - ၄၃)

တားမြစ်စေ စာချွန်တော်အမိန့်၏ အဓိပ္ပာယ်နှင့် စီမံခန့်ခွဲမှုကိစ္စဆိုင်ရာ အကြောင်းကြားစာသည် တားမြစ်စေစာချွန်တော်အမိန့်ထုတ်ဆင့်ပေးနိုင်သည့် ကိစ္စရပ်မျိုး ဟုတ်၊ မဟုတ် (စာ - ၈၇)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်အပေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ခွင့် မရှိသဖြင့် ကနဦးအမိန့်ချမှတ်ရန် အကြောင်းမရှိခြင်း။ (စာ - ၁၉၀)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ထုတ်ဆင့်နိုင်ခွင့်အာဏာ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၈) ပါ အခွင့်အရေးတစ်ရပ်ရပ်အတွက်သာ စာချွန်တော်အမိန့်ထုတ်ဆင့်နိုင်သည်ဟု ကန့်သတ်ထားမှု မရှိခြင်း။ (စာ - ၂၄၅)

ပြင်ဆင်မှုမတင်သွင်းမီကပင် ကွယ်လွန်ခဲ့ပြီး သူ၏နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုနိုင်၊ မနိုင်။ (စာ - ၅၇)

အမွေပစ္စည်းကျန်ရစ်ကြောင်း အငြင်းမပွားဘဲ အမွေပုံပစ္စည်းမှာ အထက်ပါပစ္စည်းဖြစ်သည်၊ လက်ထက်ပွားပစ္စည်းဖြစ်သည် စသည်ဖြင့် အငြင်းပွားနေလျှင် ပစ္စည်းအမျိုးအစားကို အခြေခံကာ တရားလိုသည် မည်သည့်အမျိုးအစားတွင် အမွေဝေစုမည်မျှရထိုက်ကြောင်း ပဏာမဒီကရီတွင် သတ်မှတ်ပေးရန်လိုခြင်း။ (စာ - ၇၁)

